ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ တန်ခူးလကွယ်၊ သောကြာနေ့၊ (20-4-2012) (၇၀၉၆)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စတုတ္ထအကြိမ်မြောက် ဂျပန်-မဲခေါင်ထိပ်သီးအစည်းအဝေး တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဧပြီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဂျပန်-မဲခေါင်ထိပ်သီးအစည်းအဝေး တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးသွားရောက်ရန် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည့် စတုတ္ထအကြိမ်မြောက် ဂျပန်-မဲခေါင်ထိပ်သီးအစည်းအဝေး တက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီး သွားရောက်ရန် ထွက်ခွာသွားသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အန္တာတိကတိုက်၏ အကြီးဆုံးသော အဝေးကြည့်မှန်ပြောင်း တရုတ်နိုင်ငံတပ်ဆင်

ပေကျင်း ဧပြီ ၁၉

တရုတ်သိပ္ပံရေးရာ စူးစမ်းလေ့လာရေးအဖွဲ့သည် ဆီးနှင်းဖုံးလွှမ်းနေသော အန္တာတိကဒေသ၌ အကြီးဆုံးသော အဝေးကြည့်မှန်ပြောင်းကို တပ်ဆင်လိုက်ပြီဖြစ်ကြောင်း ကျွမ်းကျင်သူပညာရှင်များက ဧပြီ ၁၉ ရက်တွင် ပြောကြားကြသည်။

တရုတ်နိုင်ငံ၏ (၂၈)ကြိမ်မြောက် အန္တာတိကဒေသ စူးစမ်းလေ့လာရေးအဖွဲ့မှ သုတေသီများသည် အေအက်စ်တီ ၃-၁ ဟု အမည်ပေးထားသော အဝေးကြည့်မှန်ပြောင်းကို တပ်ဆင်ခဲ့ပြီး ယခုအခါ စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည်။

အဆိုပါအဝေးကြည့်မှန်ပြောင်းကို တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စူပါနိုဗာ (Supernova) ကြယ်တာရာနှင့် အခြားသော နက္ခတ်တာရာများကို လေ့လာရာတွင် အသုံးဝင်မည်ဖြစ်သည်။

အင် တာ နက် သိပ္ပံ သတင်း | ဘာသာပြန် - သတင်းလုလင်

အေအက်စ်တီ ၃-၁ အဝေးကြည့်မှန်ပြောင်းသည် ၄ ဒသမ ၅မီတာ အရှည်ရှိပြီး အန္တာတိကတိုက်၌ ဖြန့်ကြက်ထားသော အဝေးကြည့်မှန်ပြောင်းများအနက် အကြီးဆုံးဖြစ်သည်။

အန္တာတိကတိုက်၌ အဝေးကြည့်မှန်ပြောင်းနောက်ထပ် နှစ်လုံးကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ထပ်မံတပ်ဆင်သွားမည်ဖြစ်ကြောင်း တရုတ်သုတေသနအဖွဲ့မှ လီကျန်ယန်းက ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၃ သို့ ❍

အန္တာတိကတိုက်၌ တပ်ဆင်မည့် တရုတ်နိုင်ငံ၏ အဝေးကြည့်မှန်ပြောင်းကို တွေ့ရစဉ်။

ကြေးမုံစာတည်းရှုထောင့် ၂၀-၄-၂၀၁၂[သောကြာနေ့]။

နွေးနွေးထွေးထွေး စောင့်ရှောက်ကူညီ

လူ့ဘဝတွင် အသက်ရှည်စွာနေထိုင်နိုင်ရေးသည် ပဓာနကျသောအချက်ဖြစ်သည်။ အသက်ရှည်ရုံမျှမက ကျန်းမာခြင်းသုခပြည့်စုံစွာရရှိရေးသည်လည်း ဂရုပြုကြရမည့်လိုအပ်ချက်တစ်ခု ဖြစ်သည်။ လူသားတစ်ဦးချင်းအနေဖြင့် စိတ်၊ ဥတု၊ အာဟာရ၊ ကံနှင့်ကြိယာပုဒ် စသည့်အခြေခံအကြောင်းတရားများမျှတစေရေး အစဉ်သတိပြု ထိန်းညှိနေကြရန် လိုအပ်နေဦးမည်ဖြစ်သည်။ ယင်းအကြောင်းတရားများ မည်မျှပြည့်စုံကောင်းမွန်အောင် ဂရုတစိုက်နေထိုင်သည့်တိုင် ရောဂါဝေဒနာများ ဖြစ်ပေါ်ကြုံတွေ့လာသည့်အခါ ဆရာဝန်၊ ဆေးရုံ၊ ဆေးပေးခန်း၊ ကျန်းမာရေးဌာနများကိုမူ အားကိုးအားထားပြုကြရမြဲပင်။

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအောက်တွင် ဆေးရုံပေါင်း ကိုးရာကျော်ရှိသည်။ အထူးကုဆရာဝန်၊ လက်ထောက်ဆရာဝန်နှင့် အုပ်ချုပ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ရောဂါနှိမ်နင်းရေးဌာနများ အပါအဝင် ငါးထောင်ကျော် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ယခုထက် ဆရာဝန်အရေအတွက် ပိုမိုမွေးထုတ်ပေးကြရဦးမည်။ ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်များတွင် တက်ရောက်နိုင်ခွင့် အရည်အချင်းပြည့်သူများ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားနေကြဆဲဖြစ်ရာ ဆရာဝန်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့် အလားအလာရှိသည်။

ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးတွင် ဆရာဝန်အရေအတွက်သည် လိုအပ်ချက်တစ်ခုဖြစ်သော်လည်း အဆင့်မီ အရည်အသွေးပြည့်မီသူများဖြစ်ရေးသည်လည်း အရေးကြီးသည်။ ပြောင်းလဲတိုးတက်နေသည့် ခေတ်မီဆေးပညာရပ်များ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနိုင်ရေး ပိုမိုဖြည့်ဆည်း ဖန်တီးပေးကြရပါဦးမည်။ သတ်မှတ်ကာလအတွင်း လက်ခံသင်ကြားနိုင်သည့် အရေအတွက်အပေါ် တည်မှီ၍ မွေးထုတ်နေကြရဆဲဖြစ်ရာ ဆေးပညာသင်ယူကြရာ၌ ယခုထက် အားထုတ်ဆည်းပူးနေကြရန် လိုအပ်မည်ဖြစ်သည်။

မကြာမီကာလအတွင်း နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ငန်းခွင်သို့ ဝင်ရောက်ကြမည့် သစ်လွင်လက်ထောက် ဆရာဝန် ၄၈၇ဦးရှိသည်။ ကျန်းမာရေးကဏ္ဍအတွက် အင်အားသစ်တိုးပွားလာခြင်းဖြစ်၍ အားတက်ဖွယ်ကောင်းပါသည်။ နိုင်ငံတော်က ငွေကုန်ကြေးကျများစွာ ရင်းနှီးခဲ့ရသည့်သစ်လွင်ဆရာဝန်များ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တာဝန်ယူလာကြခြင်းကို ကြိုဆိုပါသည်။

ဆေးရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာ၌ လူနာများ ယုံကြည်အားထားမှုရရှိစေရေး ကြိုးစားကြရပေမည်။ ခေတ်အဆက်ဆက်ကပင် လူနာနှင့်ဆရာဝန်ဆက်ဆံရေးသည် တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားမှုရှိကြမြဲဖြစ်သည်။လူနာတိုင်းက မိမိကုသနေသောဆရာဝန်၏ အကောင်းဆုံးကုသမှုနှင့် ပြုစုစောင့်ရှောက်မှုကို ခံယူလိုကြသည်။ ဆရာဝန်များအနေဖြင့်လည်း လူနာများအပေါ် စေတနာ၊ မေတ္တာထား၍ ကျင့်ဝတ်သိက္ခာနှင့်အညီ ကုသစောင့်ရှောက်မှုပေးကြရသည်မှာ လိုက်နာကျင့်သုံးကြရမည့် ဝတ္တရားပင်ဖြစ်သည်။

ဆရာဝန်၏ကျင့်ဝတ်သိက္ခာများတွင် လူနာကို အဓိကထားကုသ၊ စာနာစိတ်ထား၊ ယဉ်ကျေးစွာဆက်ဆံ၊ လူနာ၏တင်ပြချက်ကို အလေးထားနားထောင်၊ လူနာနားလည်သော စကားအသုံးအနှုန်းဖြင့် ပြောဆိုကုသ၊ ပြုစုကုသရန် ဆုံးဖြတ်ရာတွင် လူနာကိုပါဝင်ဆုံးဖြတ်ခွင့်ပေး၊ လူနာ၏ကောင်းကျိုး ဦးတည်ကုသ စသည့်တာဝန်များသည် သတ်မှတ်ထားရှိပြီးဖြစ်သည်။

ဆေးပညာရပ်များသည် နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေပါသည်။ မိမိတို့၏အရည်အသွေး အမြဲထက်မြက်နေစေရေး ခေတ်နှင့်အညီ အားထုတ်နေကြရပါမည်။ ထို့အတူ ပြည်သူများအား ကျန်းမာရေးအလုပ်အကျွေးပြုကြရာတွင် လူနာအပေါ် နွေးနွေးထွေးထွေး ပြုစုကုသစောင့်ရှောက်ကူညီ၊ လူနာများကလည်း ဆရာဝန်များအပေါ် လေးစားအားထား ကုသမှုခံယူကြခြင်းဖြင့် ဆေးကုသမှုဆိုင်ရာ ဝန်းကျင်ကောင်းများ ပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း ရှုမြင်မိပါသည်။ ။

မွန်ပြည်နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၉

မွန်ပြည်နယ်၏ ဇီဝိတဒါနငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၇ နာရီတွင် မော်လမြိုင်မြို့ ကမ်းနားလမ်း ဆိပ်ကမ်းသာတံတား၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်းနှင့် တီလာပီးယားကောင်ရေ တစ်သောင်းတို့ကို သံလွင်မြစ်အတွင်းသို့ လွှတ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မော်လမြိုင်မြို့ တောင်ဝိုင်းဘိုးဘွားရိပ်သာ၌ ဘိုးဘွားပူဇော်ကန်တော့ပွဲကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးနိုင်လဝီအောင်နှင့် တာဝန်ရှိသူများက အဘိုး ၁၅ ဦးနှင့် အဘွား ၄၀ တို့အား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထို့နောက် တောင်ဝိုင်းဘိုးဘွားရိပ်သာ ရွှေရတုအခမ်းအနားအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့က ဆုတောင်းမေတ္တာပို့သကြသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြည်သူများနှင့်အတူ မော်လမြိုင်မြို့ Strand Hotel ရှေ့ကမ်းနား၌ စင်ရော်ငှက်များအား အစာကျွေးကာ ဒါနပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် သံလွင်မြစ်အတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ပေးစဉ်။ (သတင်းစဉ်)

ကြွပ်ကြွပ်အိတ်သုံးစွဲမှု ကင်းစင်ရေးနှင့် စည်းကမ်းတကျအမှိုက်စွန့်ပစ်ရေး ပဲခူးမြို့၌ သတိပေး

ပဲခူး ဧပြီ ၁၉

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်နိမိတ်အတွင်း သန့်ရှင်းရေးလုပ်သားများ နေ့စဉ်အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်သိမ်းနေသော်လည်း စည်းကမ်းမဲ့စွန့်ပစ်မှုများ ရှိနေသဖြင့် အမှိုက်ကန်များနှင့် လမ်းဆုံ လမ်းခွများတွင် အမှိုက်ပုံများရှိနေရာ မြို့အလှကို ထိခိုက်စေနိုင်သည်။ မြို့သူ မြို့သားများအနေဖြင့် သတ်မှတ်အမှိုက်ကန်များနှင့် ခေါင်းလောင်းတီး အမှိုက်သိမ်းကားလာချိန် နံနက် ၈ နာရီမှ ၁၀ နာရီတွင် လည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအတွင်းလည်းကောင်း စည်းကမ်းတကျစွန့်ပစ်ကြရန်နှင့် မြို့ပေါ်ရပ်ကွက်များအတွင်း အမှိုက်သိမ်းယာဉ်များ လာရောက်သိမ်းဆည်းခြင်းမရှိပါက ဖုန်း-၀၅၂-၂၂၅၄၇၊ ၂၁၀၆၉၊ ၂၂၉၀၃ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် မြို့သာယာလှပသန့်ရှင်းရေးအတွက် ကြွပ်ကြွပ်အိတ်ကင်းစင်ပပျောက်ရေးကို ၁-၁-၂၀၁၂ မှ ၃၁-၃-၂၀၁၂ ထိ သတ်မှတ်ပြီး ပညာပေးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ ၁-၄-၂၀၁၂ရက်မှစ၍ စည်းကမ်းမဲ့အမှိုက်ပစ်ခြင်းများကို အရေးယူဆောင်ရွက်လျက်ရှိသည်။ ဈေးများ၊ ရပ်ကွက်များအတွင်း ကြွပ်ကြွပ်အိတ်အစားထိုး အိတ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** အိမ်သုံးစွန့်ပစ်အမှိုက်၊ စားသောက်ဆိုင်၊ ဈေးအမှိုက်များအပါအဝင် တစ်နေ့ စွန့်ပစ်အမှိုက် တန်ချိန် ၃၀ ရှိကြောင်း သိရသည်။ (၁၁၀)

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ခုတင် (၂၀၀)ဆေးရုံကြီးသို့ ဧပြီ ၂ ရက်က ဥတ္တရသီရိမြို့နေ ဦးသိန်းဇော် - ဒေါ်အေးအေးခိုင် မိသားစုက ငွေကျပ် ၁၇၂၀၀၀၀ တန်ဖိုးရှိ ခွဲစိတ်ခန်းသုံး လျှပ်စစ်သွေးတိတ်စက် (Diathermy) တစ်လုံးကို ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်ထံ ပေးအပ်လှူဒါန်းစဉ်။ (၅၈၆)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၄-၂၀၁၂ (သောကြာနေ့)

၇း၁၀	တရားတော်	
၈း၁၅	ဇာတ်လမ်းတို	
၅း၁၀	သာယာသီကြွေးခေတ်ဆန်းတေး	
၅း၃၀	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်	
၆း၄၅	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား	
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**	
	-ထောင်စုနှစ်သမီးပျို (အပိုင်း-၉)	
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း	
	-ယနေ့ရန်ကုန်မြင်ကွင်းစုံ	
	-သံစဉ်များနှင့်ကမ္ဘာ	
	-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်	
	-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တမလွန်မှပြောသောစကား" (အပိုင်း-၁၃)	
	-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သမုဒယနှောင်ကြိုး" (အပိုင်း-၂၂)	

ရန်ကုန်အနောက်ပိုင်းခရိုင် မထသ ယာဉ်လိုင်း နှစ်ဦးဆွမ်းကပ်ပြီး သက်ကြီးပူဇော်ကန်တော့

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် မထသယာဉ်လိုင်းက ၁၃၇၄ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် နံနက်ပိုင်း၌ သံဃာတော် ငါးပါးပင့်ဖိတ်၍ ဆွမ်းကပ်အလှူဒါနပြုခြင်းနှင့် ညနေပိုင်းတွင် အန္တရာယ်ကင်းပရိတ်တရားတော်နာခြင်း၊ (၇၆)နှစ်မှ (၉၁)နှစ်ရှိ အဘိုးအဘွား ၁၁ ဦးတို့အား အလှူငွေနှင့် ပစ္စည်းဒါနပြုကန်တော့ခြင်းများကို ရန်ကုန်အနောက်ပိုင်းခရိုင် မထသရုံး၌ ပြုလုပ်ခဲ့သည်။

ထို့အပြင် ခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဌာနခွဲအသီးသီးရှိ ယာဉ်လိုင်းများမှ ဌာနခွဲဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများစုပေါင်း၍ ဌာနခွဲရုံးများ၌ သံဃာတော်များအား ပင့်ဖိတ်ပြီး ဆွမ်းကပ်ခြင်း၊ ခရီးစဉ်များတစ်လျှောက် သံဃာတော်များက အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ခြင်းများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးကုန်စည်ဈေးနှုန်း

၁၉-၄-၂၀၁၂

ရွှေဈေး

အခေါက်ရွှေ(အဆင့်-၁)	၇၃၅၀၀၀
အခေါက်ရွှေ(အဆင့်-၂)	၇၂၀၀၀၀
ရွှေဒင်္ဂါး(ရွှေရည်မီ)	၆၄၇၀၀၀

ဆန်ဈေး

(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)

ပေါ်ဆန်းမွှေး	၃၀၀၀၀
ရွှေဘိုမနော်	၁၈၀၀၀
မဂျမ်းတော	၂၀၀၀၀
စောရှုပ်(ဟောင်း)	၂၅၀၀၀
စောရှုပ်(သစ်)	၂၁၀၀၀
ပေါ်ကျွဲ(ဟောင်း)	၂၂၀၀၀
ပေါ်ကျွဲ(သစ်)	၁၉၅၀၀
ဇီယာ(ဟောင်း)	၂၁၅၀၀
ဇီယာ(သစ်)	၁၅၅၀၀
ဧရာမင်း(သစ်)	၁၇၀၀၀/၁၈၀၀၀
B.G.	၁၂၅၀၀/၁၃၀၀၀
ငစိန်(သစ်)	၁၃၀၀၀/၁၃၅၀၀
သုခ-မတ္တရာ(သစ်)	၁၃၀၀၀/၁၄၀၀၀
ရွှေသွယ်(သစ်)	၁၂၀၀၀/၁၃၀၀၀
မှော်ဘီ(သစ်)	၁၄၀၀၀/၁၅၀၀၀

ဆီဈေး

ပဲဆီ	၃၅၀၀/၄၀၀၀
နှမ်းဆီ	၂၇၀၀/၂၈၀၀
ပန်းနှမ်းဆီ	၂၄၅၀/၂၅၅၀
နေကြာဆီ	၂၄၀၀/၂၅၀၀
မုန်ညင်းဆီ	၂၄၀၀
ပဲပုပ်ဆီ	၁၈၅၀
ဝါစေ့ဆီ	၁၇၀၀/၁၇၅၀
စားအုန်းဆီ	၂၁၀၀
ကြက်ဆူဆီ	၂၉၀၀

သကြားခိုင်ဈေးနှုန်း

ခါသကြား	၅၄၀/၅၅၀
ပွတ်သား	၄၂၀/၄၅၀
ခါရေ	၂၂၀/၂၃၀
ပေါင်းရေ	၂၀၀

(၀၀၂)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉ - ၄ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၂၂. ၀၀၀	၀. ၀၀၁၂၂
ထိုင်း (ဘတ်)	၃၀. ၈၈၅၀	၀. ၀၃၂၃၈
တရုတ် (ယွမ်)	၆. ၃၀၃၈၈	၀. ၁၅၈၆၃
အိန္ဒိယ (ရူပီး)	၅၂. ၀၆၁၁	၀. ၀၁၉၂၁
မလေးရှား (ရင်းဂစ်)	၃. ၀၆၅၅၀	၀. ၃၂၆၂၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၂၃၆	၀. ၇၉၈၄၉
ဂျပန် (ယန်း)	၈၁. ၅၁၇၆	၀. ၀၁၂၂၇
တောင်ကိုရီးယား(ဝမ်)	၁၁၃၉. ၀၃	၀. ၀၀၀၈၈
ယူရို	၀. ၇၆၂၉၀	၁. ၃၁၀၇၉
ဗြိတိသျှ (ပေါင်)	၀. ၆၂၂၉၄	၁. ၆၀၅၂၈

အင်တာနက်။

☆ **ရွှေ့ဖုံးမှ**

ရဲချုပ်-ရဲချုပ်ကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Minister-Counsellor/Deputy Chief of Mission Mr. Ichiro Maruyama နှင့်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၄-၂၀၁၂ (သောကြာနေ့)

၅း၄၀	"ဓမ္မအရသာတွေ့အောင်ရှာ" တရားတော် (မြောက်ဦးဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒ)
၈း၅၅	"နှစ်သစ်အကြို မြန်မာပြည်သိန်းတန်" Live Show (Part-19)
၁၀း၅၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဇီဝဖြည့်စွက်အစာဘိုင်အိုဖီး ဒ်)
၄း၅၀	Parkway Health ကလေးနှင့်လူကြီးများတွင် အဖြစ်များသော နား၊ နှာခေါင်း၊ လည်ချောင်း အကျိတ်များ
၅း၁၅	ရန်ကုန်မြင်ကွင်းကျယ် (MCC Training Institute Graduation Ceremony)
၆း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၅၈)**
၇း၁၀	"နှစ်သစ်အကြို မြန်မာပြည်သိန်းတန်" Live Show (Part-20)
၈း၃၀	Myanmar Cooking Master (ပွဲစဉ်-၁၄)
၈း၅၀	အနုပညာမိုးကောင်းကင်
၉း၂၀	Show Room (Part-10)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၁၂)**
၁၀း၂၀	Style ရှိမှ Star ဖြစ်မယ်
၁၁း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပုံပြောကောင်းတဲ့ချစ်သူ" (အပိုင်း-၁၈)**
၄း၂၀	အလှပန်းတစ်ပွင့် ဖူးပွင့်လေပြီ မုန်းဝန်းဒေသဆီ
၄း၃၅	ဆေးဖက်ဝင်ကျွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ ဧပြီ ၁၇ ရက်(မြန်မာနှစ်ဆန်းတစ်ရက်နေ့)တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/မြောက်ရပ်ကွက်ရှိ သီလရှင်လေးများဘိုးဘွားရိပ်သာ၌ အဘိုးအဘွားများအား ခြေသည်းလက်သည်းညှပ်ခြင်း၊ ခေါင်းလျှော်ရေချိုးခြင်း စသည့်ကောင်းမှုကုသိုလ်များ ပြုလုပ်ပေးကြစဉ်။ (ကြေးမုံ)

သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

(၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၉

(၁၅)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် ညနေ ၃ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သန်းက သက်ကြီးပူဇော်ပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီး ဒေါ်ဖြူဖြူညွန့်တို့ ဦးဆောင်၍ အဘိုး၊ အဘွားများအား ကန်တော့ကာ ကန်တော့ငွေများပေးအပ်ကြသည်။

ဆုတောင်းမေတ္တာပို့သ

ထို့နောက် ရတနာသီရိရပ်ကွက်မှ (၈၈)နှစ်ရှိ အဘိုးဦးသောင်းလှိုင်က ဆုတောင်းမေတ္တာပို့သသည်။ အဆိုပါ သက်ကြီးပူဇော်ပွဲသို့ တောင်ကြီးမြို့ပေါ်ရပ်ကွက် (၂၂)ရပ်ကွက်မှ (၈၅)နှစ်အထက် အဘိုး ၈၇ ဦး၊ အဘွား ၁၇၅ ဦး စုစုပေါင်း ၂၆၂ ဦးတို့ တက်ရောက်ကန်တော့ခံကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဒုတိယအကြိမ်မြောက် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး မြကန်သာရေကန်အတွင်းသို့ ငါးလွှတ်ကုသိုလ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် အဘိုးအဘွားများအား ကန်တော့ငွေများပေးအပ်စဉ်။ (သတင်းစဉ်)

ဝတ်စားဆင်ယင်မှုအတုယူတာမြန်ပြီး ပညာအတုယူမှု လူငယ်များကြား၌နှေးနေသေးဟုဆို

ရန်ကုန် ဧပြီ ၁၉

လူငယ်များအနေဖြင့် ဝတ်စားဆင်ယင်မှုကိုသာ အတုယူမှုများပြားကြပြီး ပညာကို အတုယူမှုမှာ နှေးနေသေးကြောင်း ပြည်ပ ပညာသင်ကြားမှုများ၏ ကောင်းကျိုးဆိုးကျိုးများကို ပညာပေးနေသူဒေါက်တာနေက ပြောကြားသည်။

"တိုးတက်မှုတွေကို ကျွန်တော်တို့အမီလိုက်နိုင်မှ တိုင်းပြည်တိုးတက်မှာ၊ ဒီအတိုင်းကိုယ့်ဘာသာကိုယ်လိုက်နေလို့ မရဘူး။ တိုးတက်တဲ့ နည်းပညာကို ပိုင်ဆိုင်ကျင့်သုံးနေတဲ့နိုင်ငံတွေနဲ့ ဆက်နွှယ်ယှက်နွှယ်ပြီး ပညာတွေအရယူကြဖို့လိုပါတယ်။ ဝတ်စားဆင်ယင်မှုကို အတုယူတာမြန်ပြီး ပညာကိုအတုယူတာ နှေးနေတယ်လို့ ကျွန်တော်မြင်တယ်၊ အားမရသေးဘူး" ဟု ၎င်းက 'ပညာရေးယှက်နွှယ်ဆောင်ရွက်မှု အကျိုးအမြတ်များ' ဟောပြောပွဲ၌ ထုတ်ဖော်ပြောကြားသည်။

ကိုရီးယား၊ အင်္ဂလန်၊ အမေရိကန်တို့ကို အားကျပြီး အတိုများကို ဝတ်ဆင်ကြသလို မြန်မာလူငယ်များက ကိုရီးယားဇာတ်ကားများကြည့်၍ လိုက်တိုကြကြောင်း၊ Private University ၌ပင် ကျောင်းသူများကို စကတ်ချုပ်ပေးရာ၌ ဒူးအောက်ရောက်အောင်တိုင်းပြီးမှ ချုပ်ပေးခြင်းဖြစ်သော်လည်း ကျောင်းစတက်သည့်နေ့တွင် စကတ်မှာဒူးပေါ်နေကြောင်း၊ ယင်းကဲ့သို့ဖြစ်ခြင်းမှာ စကတ်ကိုလိပ်တင်ပြီး ဝတ်လာကြခြင်းကြောင့် ဖြစ်သလို နောက်တစ်ပတ်လောက်အကြာ၌ပင် လိပ်မတင်တော့ဘဲ ပိုတိုစေရန် ဖြတ်ချပြီး ပြင်ဝတ်လာကြကြောင်း ၎င်းကဆိုသည်။

ဆက်လက်ပြီး ၎င်းက "အဲဒီလို အတိုကို တုပသလို ကိုရီးယားတွေ Technology မှာ တော်သလိုမတုပကြဘူး၊ အဲဒီပညာကို အားကျမှ ဘဝတိုးတက်မှာ။ တစ်ဦးချင်းတိုးတက်လာရင် တစ်ပြည်လုံးတိုးတက်မှာ" ဟုပြောကြားခဲ့သည်။ ၂၁ ရာစုမှာ ပညာမှ ဦးဆောင်ရသော ခေတ်ဖြစ်သလို စက္ကန့်မိနစ်နှင့်အမျှ နည်းပညာများ တိုးတက်လာပြီး တိုးတက်မှုမြန်လာသော အခြေခံသီအိုရီအပေါ် မူတည်ကာ စဉ်းစားတီထွင်ရသည့်အတွက် တိုးတက်မှုမြန်လာရခြင်း ဖြစ်ကြောင်း၊ ၁၉၉၀ ခုနှစ်ခန့်က ဟမ်းဖုန်းတစ်လုံးမှာ စကားလောက်သာပြော၍ရသော်လည်း ၁၉၉၀ နောက်ပိုင်းတွင် ဓာတ်ပုံရိုက်၍ရလာနိုင်ပြီး နှစ်နှစ်၊ သုံးနှစ်အတွင်းမှာ မက်ဆေ့ချ်ပို့၍ ရလာကြောင်း၊ ယင်းမှဖုန်းဖြင့် အင်တာနက်သုံးနိုင်ခြင်း၊ GPS ဟုခေါ်သော မြေပုံလမ်းညွှန်ကြည့်၍ ရနိုင်ခြင်း၊ အော်ဂင်၊ တယောစသည်တို့အပါအဝင် မည်သည့် Musical Instruments ကိုမဆို ဟမ်းဖုန်းသုံး၍ တီးမှုတ်ရနိုင်သည်အထိ တိုးတက်လာခြင်းဖြစ်ကြောင်း ၎င်းကပြောပြခဲ့သည်။

(၆၈၀)

စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေ ဦးဆောင်၍ အမှတ်(၁)ရဲစခန်းမှူး ရဲအုပ် လှိုင်မြင့်သိန်း၊ ခရိုင်ယာဉ်စည်းကမ်း လမ်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ဒုတိယရဲအုပ်သန့်ဇင်ထူးနှင့် တပ်ဖွဲ့ဝင်များ စစ်ကိုင်းမြို့မဈေးထောင့်တွင် စည်းကမ်းပျက် မော်တော်ယာဉ်နှင့် ဆိုင်ကယ်များအား ရှောင်တခင်စစ်ဆေးပြီး ပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ကြစဉ်။ (၂၂၅)

မော်တော်ယာဉ်များ မီးလောင်မှုသတိပြု

မော်တော်ယာဉ်များအသုံးပြုရာတွင် မောင်းနှင်နေစဉ်နှင့်ရပ်ထားစဉ် ဝါယာရှော့ဖြစ်ခြင်း၊ ကားဂက်(စ်) အိုးအဝင်ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာ ဆီလျှံခြင်း၊ ကားခေါင်းခန်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန်ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့်ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ကာ မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder)အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

ပခုက္ကူရွှေချောင်းတံတား အမှတ်(၁) တည်ဆောက်နေ

ပခုက္ကူ ဧပြီ ၁၉

ပခုက္ကူမြို့တွင် ၂၀၁၁ ခုနှစ် အောက်တိုဘာလက ရေဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ရွှေချောင်းတံတားအစား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းအဖွဲ့ (၃)မှ ရွှေချောင်း တံတားအမှတ်(၁) ဆောက်လုပ်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။**(ဓါတ်ပုံ)**

ဆောက်လုပ်ရေးဝန်ကြီးဌာန အထူးစီမံကိန်းအဖွဲ့ (၃)က ရွှေချောင်းတံတား အမှတ်(၁)ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့သည်။ ပခုက္ကူရွှေချောင်းတံတား အမှတ်(၁)မှာ အရှည်ပေ ၉၀၀၊ တံတားအကျယ် ၂၄ ပေ ယာဉ်နှစ်လမ်းသွားဖြစ်သည်။လူသွားလမ်း အကျယ်တစ်ဖက် သုံးပေခြောက်လက်မ နှစ်ဖက်ပါရှိမည်ဖြစ်သည်။ တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။ တံတားအမျိုးအစားမှာ အုတ်မြစ် သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်ကိုယ်ထည်ဖြစ်သည်။ တံတားအပေါ်ထည်မှာ ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်သည်။

ပခုက္ကူရွှေချောင်းတံတား အမှတ်(၁)ကို ပခုက္ကူ - ရေစကြို - မုံရွာကားလမ်းမကြီးပေါ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။ ရွှေချောင်းတံတားအမှတ်(၁) ပြီးစီးသွားပါက ပခုက္ကူဒေသထွက်ကုန်များကို ရေစကြို၊ မုံရွာ၊ မန္တလေးမြို့များသို့ အလွယ်တကူ တင်ပို့ရောင်းချပေးနိုင်မည်ဖြစ်၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမည်ဖြစ်သည်။

ပခုက္ကူရွှေချောင်း တံတားအမှတ်(၁)ကို ယခုနှစ်မိုးမကျခင် ကာလအတွင်း အပြီးဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ရွှေချောင်းတံတားအမှတ်(၁) ပြီးစီးပါက ရွှေချောင်းတံတားအမှတ်(၂)ကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းမှတ်စု
တင်လှိုင်(မိတ္ထီလာ)

တိုက်ချင်းပစ်နှင့် ခရုဇ်ဒုံးကျည်သစ်များ တောင်ကိုရီးယားနိုင်ငံ၌ ဖြန့်ကြက်ထားပြီ

ဆိုးလ် ဧပြီ ၁၉

တောင်ကိုရီးယားနိုင်ငံ၌ တိုက်ချင်းပစ်နှင့် ခရုဇ်ဒုံးကျည်သစ်များကို ဖြန့်ကြက်ထားပြီဖြစ်ကြောင်း အမည်မဖော်သော စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ဒုံးကျည်သစ်များ စမ်းသပ်ပစ်ခတ်ခဲ့ပုံကို ရုပ်မြင်သံကြား မှတ်တမ်း အဖြစ် ထုတ်လွှင့်ပြသခဲ့သည်။ သို့ရာတွင် မည်သည့်နေရာ၌ ယင်း စမ်းသပ်မှုပြုလုပ်ခဲ့သည်ကို မသိရပေ။

တိုက်ချင်းပစ် ဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များကို ဖြန့်ကြက်ခြင်းသည် မြောက်ကိုရီးယားကို သတိပေးခြင်းဖြစ်ကြောင်း အမည်မဖော်သော စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

တိုက်ချင်းပစ်ဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များကို ပစ်ကွင်း ကီလိုမီတာ ၁၀၀၀ကျော်အတွင်း၌ ဖြန့်ကြက်ထား သည်ဟု ခန့်မှန်းရသည်။

မြောက်ကိုရီးယားနိုင်ငံသည် မအောင်မမြင်ဖြစ်ခဲ့ရသော ဒုံးပျံပစ်ခတ်မှု ပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံက ဒုံးကျည်များကို ဖြန့်ကြက်ခြင်းဖြစ်သည်။ ***အင်တာနက်။***

တောင်ကိုရီးယား၌ ဖြန့်ကြက်ထားသော ဒုံးကျည်များကို တွေ့ရစဉ်။

ထိုင်းနိုင်ငံ၌ မူးယစ်ဆေးဝါးသုံးစွဲသူ လေးသန်းခန့်ရှိဟု လေ့လာချက်၌ ဖော်ပြ

ဗန်ကောက် ဧပြီ ၁၉

ထိုင်းလူဦးရေ၏ ၆ရာခိုင်နှုန်း သို့မဟုတ် ၃ဒသမ ၉သန်းသည် မူးယစ်ဆေးဝါးသုံးစွဲမှုရှိသည်ကို တွေ့ရှိရကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

မူးယစ်ဆေးဝါးသုံးစွဲသူ ၃ဒသမ ၇သန်းအနက် တစ်သန်းမှာ နိုင်ငံမြောက်ပိုင်းမှဖြစ်ပြီး မြို့တော်ဗန်ကောက်၌ မူးယစ်ဆေးဝါးသုံးစွဲသူ ၂၀၀၀၀၀ ခန့်ရှိကြောင်း အက်ဆမ်းရှင်း တက္ကသိုလ်ကပြုလုပ်သည့် လေ့လာချက်စစ်တမ်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၁၇ခု၏ မူးယစ်ဆေးဝါးသုံးစွဲမှုအခြေအနေကိုသိရှိရန် အက်ဆမ်းရှင်းတက္ကသိုလ် သုတေသနဌာနက စစ်တမ်းကောက်ယူခဲ့သည်။ ***ဆင်ဟွာ။***

အိန္ဒိယက ပြည်တွင်းလုပ် အဂ္ဂနီ-၅ ဒုံးကျည် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်

နယူးဒေလီ ဧပြီ ၁၉

အိန္ဒိယပြည်တွင်းဖြစ် နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် အဂ္ဂနီ-၅ တိုက်ချင်းပစ် ဒုံးကျည်ကို အိန္ဒိယနိုင်ငံ အရှေ့ဘက် ဩရိဿပြည်နယ်ကမ်းလွန်ရှိ ဒုံးကျည်ပစ်လွှတ်ရေး စခန်းတစ်ခုမှ ဧပြီ ၁၉ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ် ခဲ့သည်ဟု သတင်းများအရ သိရှိရသည်။

အဂ္ဂနီ-၅ တိုက်ချင်းပစ်ဒုံးကျည်ကို စမ်းသပ်ပစ်လွှတ်စဉ်။

အဆိုပါဒုံးကျည်သည် ကီလိုမီတာ ၅၀၀၀ကျော်အထိ ပစ်ခတ်နိုင်ကြောင်း၊ ဩရိဿပြည်နယ်ကမ်းလွန်ရှိ ဝှီးလားကျွန်း ဒုံးကျည်စမ်းသပ်ပစ်လွှတ်ရေးစခန်းမှ ဧပြီ ၁၉ ရက် ဒေသ စံတော်ချိန် နံနက် ၈ နာရီ ၀၇ မိနစ်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ရာ ကီလိုမီတာ ၅၀၀၀အကွာရှိပစ်မှတ်ကို ထိမှန်ခဲ့ကြောင်း အိန္ဒိယ နိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အကြီး အကဲ ဗီအယ်လ်ဆာရာဝပ်က ပြောကြားသည်။

အဂ္ဂနီ-၅ ဒုံးကျည်သည် အလျား ၁၇ဒသမ ၅မီတာရှိပြီး လောင်စာခဲစွမ်းအင်သုံး သုံးဆင့်ကွဲဒုံးပျံအမျိုးအစား ဖြစ်သည်။ ဒုံးပျံတစ်စင်းလုံး၏ အလေးချိန်မှာ တန် ၅၀ရှိကာ ထုတ်လုပ်မှု စရိတ် ရူပီး ၂ ဒသမ ၅ ဘီလီယံ (အမေရိကန် ဒေါ်လာ သန်း ၄၈၀)ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အဂ္ဂနီ-၅ ဒုံးကျည်ဖြင့် အာရှတိုက်တစ်တိုက်လုံးနှင့် ဥရောပတိုက်၏ ၇၀ရာခိုင်နှုန်းအပါအဝင် အခြားသော အရပ်ဒေသများသို့ ပစ်လွှတ်နိုင်သည်။ ယင်းဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုအောင်မြင်ခြင်းသည် အိန္ဒိယနိုင်ငံအား ကမ္ဘာပေါ်တွင် တိုက်ချင်းပစ်ဒုံးကျည်နည်းပညာပိုင်ဆိုင်သည့် လက်ရွေးစင် နိုင်ငံများစာရင်းတွင် ပါဝင်လာစေကြောင်း သတင်းတွင် ဖော်ပြထားသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်မှ နေတိုးတပ်ရုပ်သိမ်းရေးအစီအစဉ် ရုရှားဝေဖန်

ဘရပ်ဆယ်လ် ဧပြီ ၁၉

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ၎င်း၏တပ်ဖွဲ့များကို အာဖဂန်နစ္စတန်နိုင်ငံမှ ၂၀၁၄ခုနှစ်တွင် ရုပ်သိမ်းမည့်အစီအစဉ်အား ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဧပြီ ၁၉ ရက်တွင် ပြင်းထန်စွာ ဝေဖန်ပြောကြားလိုက်သည်။

အာဖဂန်အစိုးရတပ်ဖွဲ့များက နိုင်ငံတော် လုံခြုံရေးကို ထိန်းသိမ်းနိုင်သည့် စွမ်းရည်ရှိလာသည့်အချိန်အထိ နိုင်ငံစုံတပ်ဖွဲ့များသည် ယင်းနိုင်ငံ၌ ဆက်လက်ရှိနေသင့်သည်ဟု ဆိုသည်။

အာဖဂန်တပ်ဖွဲ့များသည် ၎င်းတို့၏ နိုင်ငံအတွင်း လုံခြုံရေးကို ထိန်းချုပ်ကွပ်ကဲနိုင်ခြင်းမရှိသေးမီ စိတ်ကူးဖြင့် ရေးဆွဲထားသည့် နေတိုးတပ်ဖွဲ့များ ရုပ်သိမ်းရေးအချိန်ဇယားသည် မှန်ကန်မှုမရှိကြောင်း၊ ယင်းကဲ့သို့လည်း မသတ်မှတ်သင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်က ပြောကြားခဲ့သည်။

လာမည့်နှစ်ဝက်ခန့်တွင် တာလီဘန်တို့နှင့် ရင်ဆိုင်ရမည့် စစ်ပွဲများကို အာဖဂန်ကြည်းတပ်နှင့် ရဲတပ်ဖွဲ့တို့အား တာဝန်လွှဲပြောင်းပေးရန်၊ ယင်းသို့ တာဝန်လွှဲပေးပြီးနောက် ၂၀၁၄ခုနှစ် နှစ်ကုန်တွင် ၎င်းတို့၏တပ်ဖွဲ့များကို ရုပ်သိမ်းရန် နေတိုးက စီစဉ်လျက်ရှိသည်။

နိုင်ငံစုံတပ်ဖွဲ့များသည် ယမန်နှစ်က အင်အား ၁၄၀၀၀၀ သို့ ရောက်ရှိလာသည့် စစ်သည်များကို စတင်ရုပ်သိမ်းရန် အဆင်သင့်ရှိနေပြီဖြစ်သည်။

အာဖဂန်တပ်ဖွဲ့များသည် မှန်မှန်တိုးတက်လာလျက်ရှိပြီး ၂၀၁၄ခုနှစ်နောက်ပိုင်းတွင် တာလီဘန်တို့ကို ရင်ဆိုင်နိုင်စွမ်း ရှိလာမည်ဖြစ်သည်ဟု နေတိုးခေါင်းဆောင်များက ပြောသည်။

သို့သော် အာဖဂန်အစိုးရတပ်ဖွဲ့အတွင်း မူးယစ်ဆေးဝါး သုံးစွဲခြင်းများနှင့် တပ်ပြေးနှုန်း မြင့်မားလာနေခြင်းကို ဝေဖန်သူများက ထောက်ပြပြီး ယင်းတို့သည် သောင်းကျန်းသူများကို ထိန်းချုပ်နိုင်ရန် ပြင်ဆင်ထားမှုမရှိသေးကြောင်း ပြသသည့် လက္ခဏာများဖြစ်သည်ဟု ဆိုသည်။

တပ်ရုပ်သိမ်းရေးအစီအစဉ်ကို အာဖဂန်အစိုးရက သဘောတူညီထားပြီးဖြစ်ကြောင်း၊ယင်းအစီအစဉ်သည် စိတ်မှန်းမဟုတ်၊ ပကတိအခြေအနေပေါ်မူတည်၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း နေတိုးအထွေထွေအတွင်းရေးမှူး အန်ဒါးဖော့ချ်ရာမြူဆင်က ရုရှားနိုင်ငံခြားရေးဝန်ကြီး၏ ဝေဖန်မှုကို တုံ့ပြန်ပြောကြားခဲ့သည်။

၂၀၁၄ခုနှစ်နောက်ပိုင်း အာဖဂန်တပ်ဖွဲ့များကို ကူညီကြပါရန် ရုရှား၊ တရုတ်နှင့် နေတိုးအဖွဲ့ဝင်မဟုတ်သော အခြားနိုင်ငံများကို ၎င်းက တိုက်တွန်းခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်လ်မြို့၌ ကျင်းပသည့် နေတိုးကာကွယ်ရေးဝန်ကြီးများနှင့် နိုင်ငံခြားရေးဝန်ကြီး များ၏ အစည်းအဝေးသို့ တက်ရောက်လျက်ရှိသည့် ရုရှားနိုင်ငံခြားရေးဝန်ကြီးက နိုင်ငံစုံတပ်ဖွဲ့များ ရုပ်သိမ်းရေး အစီအစဉ်အပေါ် တရုတ်နှင့် အာရှနိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ၏ စီးပွားရေး ကျုံ့လာနိုင် ၂၀၅၀ပြည့်နှစ်၌ ချမ်းသာသောနိုင်ငံအဆင့်မှ ကျဆင်းနိုင်

တိုကျို ဧပြီ ၁၉

ဂျပန်နိုင်ငံ၌ သက်ကြီးရွယ်အိုဦးရေ တိုးပွားလာခြင်းနှင့် ထုတ်လုပ်မှုစွမ်းပကား နှေးကွေးလာခြင်းတို့ကြောင့် စီးပွားရေး ကျုံ့လာနိုင်ပြီး ၂၀၅၀ပြည့်နှစ်ထက်နောက်မကျဘဲ ကြွယ်ဝချမ်းသာသော ဖွံ့ဖြိုးပြီးနိုင်ငံများစာရင်းမှ ဖယ်ရှားခံရနိုင်ကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံ မြို့တော် တိုကျိုမြို့လယ်ဒေသ တစ်နေရာကို တွေ့ရစဉ်။

ဂျပန်နိုင်ငံ၌ လုပ်သားအင်အားစု လျော့နည်းလာခြင်းသည် ကာလရှည်ကလေးမွေးဖွားနှုန်း ကျဆင်းနေမှုကြောင့် ဖြစ်ရကြောင်း၊ လုပ်သားအင်အား နည်းပါးလာမှုနှင့်အတူ ငွေကြေးချွေတာစုဆောင်းမှု လျော့နည်းလာပြီး ရင်းနှီးမြှုပ်နှံမှုကိုပါ ထိခိုက်စေကြောင်း ၂၁ရာစု ပြည်သူ့မူဝါဒသိပ္ပံကထုတ်ပြန်သော လေ့လာချက်တွင် ဖော်ပြသည်။

ပိုမိုသေးငယ်

၂၀၃၀ ပြည့်လွန်နှစ်များမှစ၍ စီးပွားရေးအင်အား ကျုံ့မှုကို တွေ့မြင်နိုင်ကြောင်း၊ ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုစွမ်းပကားသည် ကမ္ဘာ့ထိပ်တန်း စီးပွားရေးအင်အားကြီးနိုင်ငံများ၏ ပျမ်းမျှအဆင့်သို့ ပြန်လည်ရောက်ရှိသည့်တိုင်အောင် စီးပွားရေးအင်အား ပိုမိုသေးငယ်သွားမည်ဟု ယူဆရကြောင်း လေ့လာချက်တွင်ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)သည် ၂၀၁၄ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏နောက်သို့ ရောက်ရှိသွားမည်ဖြစ်ပြီး ၂၀၅၀ပြည့်နှစ်ထက်နောက်မကျဘဲ ဂျပန်နိုင်ငံက နိုင်ငံတကာတွင် စီးပွားရေးအရ လွှမ်းမိုးမှု သိသိသာသာ ကျဆင်းသွားမည်ဖြစ်သည်ဆို၏။

တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏ စီးပွားရေးကို လွန်ခဲ့သည့်နှစ်က လိုက်မီခဲ့သည်။ ***အင်တာနက်။***

ယီမင်နိုင်ငံရှိ ပစ်မှတ်များအား မောင်းသူမဲ့လေယာဉ်ဖြင့် စစ်ဆင်မှု ပိုမိုတိုးမြှင့်ရန် စီအိုင်အေ ဆန္ဒရှိ

ဝါရှင်တန် ဧပြီ ၁၉

မောင်းသူမဲ့လေယာဉ်ဖြင့် စစ်ဆင်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမား မဟုတ်သူများပါ ဘေးဒုက္ခနှင့် ကြုံတွေ့နိုင်မည့် အန္တရာယ်များရှိလင့်ကစား ယီမင်နိုင်ငံအတွင်း၌ မောင်းသူမဲ့လေယာဉ်များဖြင့်စစ်ဆင်တိုက်ခိုက်မှုကို ပိုမိုပြုလုပ်ပိုင်ခွင့် ရရှိရေးအတွက် အမေရိကန်ထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ) အနေဖြင့် ကြိုးပမ်းလျက်ရှိကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ဧပြီ ၁၉ ရက်တွင် ဖော်ပြသည်။

သင်္ကာမကင်းဖွယ်ရာလှုပ်ရှားမှုများအဖြစ် ထောက်လှမ်းရေးဆိုင်ရာ အစီရင်ခံစာများက ညွှန်ပြသော အချက်အလက်များကိုအခြေခံ၍ ပစ်မှတ်များ ရွေးချယ်သွားမည်ဟု သတင်းတွင် ဖော်ပြထားသည်။

သမ္မတအိုဘားမားအစိုးရအနေဖြင့် မောင်းသူမဲ့လေယာဉ်ဖြင့် စစ်ဆင်မှုများ တိုးမြှင့်ဆောင်ရွက်ရန် စီအိုင်အေအား ခွင့်ပြုပေးမည်ဆိုပါက ယီမင်နိုင်ငံတွင် အမေရိကန်၏ စစ်ရေးအရပြုမူဆောင်ရွက်မှုများ တိုးမြှင့်လာမည်ဖြစ်ကြောင်း၊ ယင်းစစ်ရေးဆောင်ရွက်မှုတိုးမြှင့်လာခြင်းကြောင့် အိုဘားမားအစိုးရအဖွဲ့မှာ နိုင်ငံရေးအရ ဘေးအန္တရာယ်ကြီးမားသောရလဒ်များ ဖြစ်ပေါ်လာဖွယ်ရှိကြောင်း ဝါရှင်တန်ပို့စ်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် လေးလအတွင်း ယီမင်နိုင်ငံ၌ အမေရိကန် မောင်းသူမဲ့လေယာဉ်များ၏တိုက်ခိုက်မှုမှာ ရှစ်ကြိမ်ထက်မနည်းရှိခဲ့သည်ဟု ဝါရှင်တန်ပို့စ်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ဆီယာချမ်းရေခဲပြင်ဒေသကို စစ်မဲ့ဇုန်အဖြစ်ထားရှိရေး ပါကစ္စတန်တပ်မတော်အကြီးအကဲ တောင်းဆို

အစ္စလာမ္မာဘတ် ဧပြီ ၁၉

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ဟိမဝန္တာတောင်တန်းပေါ်ရှိ ဆီယာချမ်းရေခဲပြင်ဒေသ၌ ရင်ဆိုင်တပ်စွဲထားသော နှစ်ဖက်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းသင့်ပြီဖြစ်ကြောင်း ပါကစ္စတန် တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီးအက်ရှ်ဖစ် ပါဗက်ဇ်ကာယာနီက ဧပြီ ၁၈ ရက်တွင် တောင်းဆိုခဲ့သည်။

ကမ္ဘာ့အမြင့်ဆုံး စစ်မြေပြင်ဟူ၍ ခေါ်ဆိုနိုင်သည့် ဆီယာချမ်းရေခဲပြင်ဒေသ၌ လွန်ခဲ့သော နှစ်ပေါင်း ၃၀ခန့်မှ စ၍ အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာတို့ ရင်ဆိုင်တပ်စွဲခဲ့ကြသည်။

ယခုလအစောပိုင်းက ဆီယာချမ်း ရေခဲပြင်ဒေသရှိ ပါကစ္စတန် စစ်စခန်းတစ်ခုပေါ်သို့ နှင်းခဲများပြိုဆင်းဖုံးလွှမ်းခဲ့၍ ပါကစ္စတန်တပ်ဖွဲ့ဝင် ၁၄၀ ခန့် ပျောက်ဆုံးခဲ့ရပြီးနောက် ဗိုလ်ချုပ်ကြီးပါဗက်ဇ်ကာယာနီ၏ တောင်းဆိုချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အိန္ဒိယနှင့် ပါကစ္စတန်အကြား ပေါ်ပေါက်နေခဲ့သော အငြင်းပွားမှုမှန်သမျှအား ဖြေရှင်းရန် မိမိတို့အနေဖြင့်ကြိုးပမ်းလျက်ရှိကြောင်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၂၀၀၀ တွင် တည်ရှိသည့် ဆီယာချမ်းရေခဲပြင်ဒေသသို့ သွားရောက်ခဲ့ပြီးနောက် ပါကစ္စတန်တပ်မတော်အကြီးအကဲက ပြောကြားခဲ့သည်။

သို့ရာတွင် ဆီယာချမ်းရေခဲပြင်ဒေသ၌ တပ်စွဲထားသော ပါကစ္စတန်တပ်ဖွဲ့များအား တစ်ဖက်သတ်ရုပ်သိမ်းပေးရန် တောင်းဆိုမှုများကို ပါကစ္စတန်တပ်မတော်အကြီးအကဲက ငြင်းပယ်ခဲ့သည်။

နှစ်နိုင်ငံအကြား ပိုင်ဆိုင်ခွင့် အငြင်းပွားလျက်ရှိသော ကတ်ရှ်မီးယားနယ်မြေကို ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်း မြောက်ဘက်စွန်းရှိ ဆီယာချမ်းရေခဲပြင်ဒေသ၌ ၁၉၈၄ ခုနှစ်တွင် အိန္ဒိယတပ်ဖွဲ့များ တပ်စွဲခဲ့ခြင်းကြောင့် ပါကစ္စတန်နိုင်ငံကလည်း ယင်းဒေသသို့ တပ်ဖွဲ့များ စေလွှတ်ခဲ့သည်။ **အင်တာနက်။**

ကမ္ဘာ့အမြင့်ဆုံးစစ်မြေပြင်အဖြစ် သတ်မှတ်နိုင်သည့် ဆီယာချမ်းဒေသကို တွေ့ရစဉ်။

စပရက်သ်လေကျွန်းစုဆိုင်ရာ ဒေသတွင်းအငြင်းပွားမှုဖြေရှင်းရန် အာဆီယံအကူအညီ ဖိလစ်ပိုင်တောင်းခံ

မနီလာ ဧပြီ ၁၉

စပရက်သ်လေကျွန်းစုအရေးနှင့်ပတ်သတ်၍ ဒေသတွင်း အငြင်းပွားမှုများအား ဖြေရှင်းရာတွင် အကူအညီပေးရန် ဖိလစ်ပိုင်အစိုးရက အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို တောင်းဆိုခဲ့ကြောင်း ဧပြီ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

ကျွန်းပေါင်း ၇၅၀ ပါဝင်သော စပရက်သ်လေကျွန်းစုအတွင်းရှိ စကားဘရော့ ရှိုရယ်လ်အမည်ရှိ ကျွန်းငယ်တစ်ကျွန်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား တင်းမာမှုမြင့်တက်လာပြီးနောက် အထက်ပါတောင်းဆိုချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

စကားဘရော့ရှိုရယ်လ်ကျွန်းရှိ တရုတ်ပုဂ္ဂလိက ငါးဖမ်းရေယာဉ်ရှစ်စင်းကို ဖိလစ်ပိုင်ရေတပ်က စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် နှစ်နိုင်ငံအကြားဆက်ဆံရေး တင်းမာခဲ့ရကြောင်း သိရသည်။

စကားဘရော့ရှိုရယ်လ်ကျွန်းကို ၎င်းတို့ပိုင်ဆိုင်ကြောင်း တရုတ်နိုင်ငံက တောင်းဆိုထားသော်လည်း ယင်းကျွန်းသည် ပင်လယ်ရေကြောင်း ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအရ မိုင် ၂၀၀ အထူးစီးပွားရေးဇုန်အတွင်း ပါဝင်ကြောင်း ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကျွန်းပိုင်ဆိုင်ခွင့်အငြင်းပွားမှုနှင့် ပတ်သက်၍ တရုတ်နှင့် ဖိလစ်ပိုင်အကြား တင်းမာမှုများပပျောက်စေရေးအတွက် အာဆီယံအဖွဲ့က ကြားဝင်ကူညီရန် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တိုက်တွန်းခဲ့သည်။

အင်တာနက်။

တောင်ကိုရီးယား အကျဉ်းထောင်များ၏ လုံခြုံရေးကို စက်ရုပ်များ တာဝန်ယူမည်

ပိုဟန်း ဧပြီ ၁၉

စက်ရုပ်များအား အကျဉ်းထောင်လုံခြုံရေးအစောင့်များအဖြစ် အသုံးပြုရန် လက်တွေ့အားဖြင့် ဖြစ်နိုင်၊ မဖြစ်နိုင်ကို တောင်ကိုရီးယားနိုင်ငံ ပိုဟန်းမြို့ အကျဉ်းထောင်တစ်ခု၌ စမ်းသပ်လျက်ရှိကြောင်း ဧပြီ ၁၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အကျဉ်းထောင်စောင့် စက်ရုပ်များ၏ အဓိကတာဝန်မှာ အကျဉ်းတိုက်များအကြားရှိ ခန်းမများအတွင်း ကင်းလှည့်ကာ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်မည့် လက္ခဏာများရှိ၊ မရှိ စောင့်ကြည့်ရေးဖြစ်သည်။

အကယ်၍ ပြဿနာပေါ်ပေါက်မည့် အရိပ်အယောင်ကို ထောက်လှမ်းသိရှိပါက လိုအပ်သလို အရေးယူ ဆောင်ရွက်ရန် လူသားအကျဉ်းထောင်အစောင့်များအား စက်ရုပ်များက အချက်ပေးအကြောင်းကြားသွားမည်ဖြစ်သည်။

ရိုဘိုဂါ့ဒ် (Robo-Guard) ဟူ၍ သတင်းမီဒီယာများက အမည်ပေးထားသော အဆိုပါအကျဉ်းထောင်စောင့်စက်ရုပ်များသည် သုံးဖက်မြင်နည်းပညာသုံးကင်မရာအပါအဝင် ကင်မရာအများအပြားနှင့် ဆက်သွယ်ရေးကိရိယာများ သယ်ဆောင်အသုံးပြုနိုင်သည်။

ယင်းအကျဉ်းထောင်စောင့် စက်ရုပ်များ အကျဉ်းထောင်အတွင်းရှိ သတ်မှတ်ဧရိယာများ၌ ရွေ့လျားသွားလာနိုင်စေရန် ကွန်ပျူတာပရိုဂရမ် ရေးဆွဲပေးထားသော အီလက်ထရွန်နစ်အပျော့ထည်များကိုလည်း ထည့်သွင်းပေးထားသည်။

ယင်းအကျဉ်းထောင်စောင့်စက်ရုပ်များသည် တာဝန်ထမ်းဆောင်စဉ်အတွင်း လူသားလုံခြုံရေး အစောင့်အကြပ်များ၏ အကူအညီကို လို၊ မလို ဆုံးဖြတ်ရန် အကျဉ်းသားများ၏ စရိုက်အပြုအမူများအား ခွဲခြမ်းစိတ်ဖြာနိုင်ကြောင်း သိရသည်။

အကျဉ်းထောင်စောင့်စက်ရုပ်များကို ဖန်တီးရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အကျဉ်းထောင်များ၌ လူအင်အားအသုံးပြုရမှုလျှော့ချရန်နှင့် အကျဉ်းသားများအတွက်ရော ၎င်းတို့အား စောင့်ကြပ်ရသူများအတွက်ပါ ပိုမိုလုံခြုံစိတ်ချရသော ဝန်းကျင်တစ်ခု ပေါ်ထွန်းလာစေရန်ဖြစ်သည်။ **အင်တာနက်။**

တောင်ကိုရီးယားနိုင်ငံ ပိုဟန်းမြို့ အကျဉ်းထောင်၌ အကျဉ်းထောင်စောင့်စက်ရုပ် စမ်းသပ်နေသည်ကို တွေ့ရစဉ်။

မိုဇမ်ဘစ်နိုင်ငံ၌ ဆင်ဆိုးများက လူသားများကို ရန်မူနေ

မာပူတို ဧပြီ ၁၉

ဇင်ဘာဘွေနိုင်ငံ နယ်စပ်အနီးရှိ မိုဇမ်ဘစ်ကျေးရွာများ၌ ဒေါသူပုန်ထနေသော ဆင်သတ္တဝါများ သောင်းကျန်းလျက်ရှိပြီး လူများကို ရန်မူတိုက်ခိုက်ခြင်း၊ သီးနှံစိုက်ခင်းများအား ဖျက်ဆီးခြင်းနှင့် ကလေးများအား ခြောက်လှန့်ခြင်းတို့ လုပ်ဆောင်နေကြောင်း မိုဇမ်ဘစ်နိုင်ငံထုတ် နိုတီရှားစ်သတင်းစာက ဧပြီ ၁၈ ရက်တွင် ဖော်ပြသည်။

ဆင်ဆိုးများကို ခြောက်လှန့်မောင်းထုတ်နိုင်ရေးအတွက် ရိုးရာနည်းလမ်းများအသုံးပြုခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း ဒေသခံလယ်သမားတစ်ဦးက နိုတီရှားစ်သတင်းစာသို့ ပြောကြားခဲ့သည်။

ဆင်ဆိုးများ သောင်းကျန်းမှုကြောင့် ကလေးသူငယ်များသည် ကျောင်းသွားကျောင်းပြန် အချိန်များအား ကျီးလန့်စာစား ဖြတ်သန်းနေကြရကြောင်း ဒေသခံများ၏အဆိုအရ သိရသည်။

လူသားများနှင့် ဆင်များအကြား ပဋိပက္ခကို ဖြေရှင်းပေးရန်အတွက် ဒေသတွင်း ဆင်ကာကွယ်ထိန်းသိမ်းရေး ကြိုးဝိုင်းများ ဖန်တီးပေးခြင်း၊ ဆင်များစားကျက်ရွှေ့ပြောင်းရာ လမ်းကြောင်းပေါ်မှ လယ်သမားများအား ပြန်လည်နေရာချထားပေးခြင်းနှင့် ဆင်များအသုံးပြုသည့် ရေထွက်ပေါက်များအား ခွဲဝေသုံးစွဲရသည့် အဖြစ်မျိုးမရှိစေရန် လူတို့အတွက် သောက်သုံးရေများ ဖန်တီးပေးခြင်းတို့ လိုအပ်ကြောင်း မိုဇမ်ဘစ်အာဏာပိုင်များက ပြောကြားသည်။

ဆင်များကို သတ်ဖြတ်ခြင်းဖြင့် သဘာဝဂေဟစနစ်ကို ပျက်ယွင်းစေနိုင်သောကြောင့် မိုဇမ်ဘစ်အစိုးရအနေဖြင့် ဆင်များအား သတ်ဖြတ်မည်မဟုတ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **အင်တာနက်။**



အိုက်စလန်ကျွန်းမီးတောင်များမှ စွမ်းအင်ထုတ်ယူရေး ဗြိတိန်ကြိုးပမ်းနေ

လန်ဒန် ဧပြီ ၁၉

သဘာဝနှင့် သဟဇာတဖြစ်မည့်စွမ်းအင်များ ထုတ်ယူနိုင်ရေးပြဿနာအား ဖြေရှင်းရန် ကြိုးပမ်းနေရသည်နှင့်အမျှ ဗြိတိန်အစိုးရသည် နိုင်ငံ၏စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အိုက်စလန်ကျွန်းနိုင်ငံမှ မီးတောင်များအား အသုံးပြုလာနိုင်ကြောင်း ဧပြီ ၁၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

အိုက်စလန်ကျွန်းမီးတောင်များ၏ သဘာဝဘူမိစွမ်းအင်များမှ အဆင့်နိမ့်ကာဗွန်စွမ်းအင်များအား ထုတ်ယူနိုင်ရေး ဆွေးနွေးရန်အတွက် ဗြိတိန်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ချားလ်ဟင်ဒရီသည် အိုင်စလန်နိုင်ငံသို့ လာမည့်လ၌ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

မီးတောင်များမှ အဆင့်နိမ့်ကာဗွန်စွမ်းအင်များ ထုတ်ယူရေးစီမံချက်အရ ဗြိတိန်နှင့် အိုက်စလန်အကြား သမုဒ္ဒရာကြမ်းပြင်ကို ဖြတ်သန်း၍ မိုင်ရာပေါင်းများစွာရှိသည့် ကမ္ဘာ့အရှည်ဆုံး ဗို့အားမြင့် ဓာတ်အားလိုင်းတစ်ခု တည်ဆောက်ရမည်ဖြစ်သည်။

မီးတောင်များမှ အဆင့်နိမ့်ကာဗွန်စွမ်းအင် ထုတ်ယူရေးစီမံချက်နှင့်ပတ်သက်၍ ဗြိတိန်အစိုးရက အားတက်သရော ဆွေးနွေးခဲ့ပြီး အိုက်စလန်အစိုးရကလည်း ဗြိတိန်၏ အဆိုပြုချက်အပေါ် အလွန်လိုလားစိတ်ထက်သန်ပုံရကြောင်း ဗြိတိန်စွမ်းအင်ဝန်ကြီး ချားလ်ဟင်ဒရီက ပြောကြားခဲ့သည်။

ယင်းစီမံချက်အား အကောင်အထည်ဖော်နိုင်ပါကမည်သည့်အချိန်တွင်မဆို စွမ်းအင်ကို ဈေးနှုန်းအချိုဆုံးဖြင့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ ပြည်သူတို့၏ စွမ်းအင်သုံးစွဲမှုကုန်ကျစရိတ် လျော့ကျသွားမည်ဖြစ်သည်။

ယင်းအပြင် နေရာဒေသအလိုက် ရာသီဥတုအခြေအနေအပေါ် အမှီပြုနေရခြင်းကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များလိုအပ်သလောက် မရယူနိုင်မှုပြဿနာကိုလည်း ကျော်လွှားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အင်တာနက်။**

ခြေထောက်ခြောက်ချောင်းပါ ကလေး၏အသက် ပါကစ္စတန်ဆရာဝန်များ ကယ်ဆယ်နိုင်

ကရာချိ ဧပြီ ၁၉

ရှားပါးသော မျိုးရိုးဗီဇဆိုင်ရာ ဖောက်လွဲဖောက်ပြန်မှုကြောင့် ခြေထောက်ခြေတံခြောက်ချောင်းဖြင့် မွေးဖွားလာသူတစ်ဦး(**အောက်ပုံ**)ကို ပါကစ္စတန်ဆရာဝန်များက အောင်မြင်စွာခွဲစိတ်ကုသကာ အသက်ကယ်နိုင်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အတွေ့အကြုံရင့်ကျက်သည့် ဆရာဝန်ငါးဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ကလေးတွင် အပိုပါလာသော ခြေထောက်ခြေတံများကို အောင်အောင်မြင်မြင် ခွဲစိတ်ဖယ်ရှားပေးနိုင်ခဲ့ပြီး ယင်းကလေးငယ်၏ ကျန်းမာရေးအခြေအနေမှာလည်း စိတ်ချရကြောင်း ကရာချိမြို့ ကလေးကျန်းမာရေးဆိုင်ရာ အမျိုးသားဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါကလေးကို ကရာချိ မြို့တော်မှ မိုင် ၂၅၀ အကွာရှိ ဆွက်ကားမြို့၌ ဓာတ်မှန်ကျွမ်းကျင်သူတစ်ဦး၏ ဇနီးက လွန်ခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်တွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။

ကလေးတစ်သန်းတွင် တစ်ဦးသာ ဖြစ်ပွားတတ်သည့် မျိုးရိုးဗီဇဆိုင်ရာဖောက်လွဲဖောက်ပြန်ရောဂါကြောင့် ခြေထောက်ခြေတံများ အပိုပါလာရခြင်းဖြစ်ကြောင်း ကလေးကျန်းမာရေးဆိုင်ရာ အမျိုးသားဗဟိုဌာနမှ ဆရာဝန်တစ်ဦးက ပြောကြားခဲ့သည်။

ခြေထောက်ခြေတံ အပိုများအား ခွဲစိတ်ဖယ်ထုတ်နိုင်ခြင်းသည် မိမိတို့အတွက် သတင်းကောင်းဖြစ်ကြောင်း၊ မိမိတို့၏ ရင်သွေးကျန်းမာသန်စွမ်းနေသည်ကို တွေ့မြင်ရရေးသည် မိဘတို့၏ ဆန္ဒဖြစ်ကြောင်း အဆိုပါကလေး၏ ဖခင်က သတင်းထောက်များအား ပြောကြားခဲ့သည်။

အင်တာနက်။

သွားပိုးစားရောဂါအကြောင်း

ဒေါက်တာလေးအောင်(သံတွဲ)

သွားကို ပျက်စီးဆုံးရှုံးစေသော အဓိကရောဂါနှစ်မျိုးတွင် သွားပိုးစားရောဂါမှာ ပထမနေရာတွင် ပါဝင်သည်။ သွားရောဂါ အမျိုးမျိုးရှိသည့်အထဲတွင် သွားပိုးစားရောဂါမှာ ကလေးရော လူကြီးပါ အဖြစ်အများဆုံးရောဂါတစ်ခု ဖြစ်နေပါသည်။ သွားနုတ်ရသည့် အကြောင်းရင်းများတွင် သွားပိုးစားခြင်းကြောင့် နုတ်ပစ်ရခြင်းသည် အများဆုံးဖြစ်သည်။

သွားပိုးစားရောဂါမှာ စားသောက်နေထိုင်မှုပုံစံနှင့် ပတ်သက်၍ ဆက်နွယ်နေပါသည်။ သားစိမ်း ငါးစိမ်းနှင့် သစ်သီးသစ်ရွက်ကဲ့သို့ အမျှင်ဓာတ်ကြွယ်ဝသော အစားအစာကြမ်းများစားသုံးခဲ့သော ရှေးဦးလူများတွင် အဖြစ်နည်းပါးသည်ကိုတွေ့ရပြီး လူ့ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူနေမှုဘဝနှင့် စားသောက်မှုပုံစံများ ပြောင်းလဲလာသောအခါ သွားပိုးစားမှုနှုန်း ပို၍များပြားလာသည်ကို တွေ့ရသည်။ အမျှင်ပါ အစာကြမ်းများစားသောက်ရာမှ လူနေမှုဘဝတိုးတက်လာမှုနှင့်အတူလိုက်ပြီး ပြုပြင်စီမံထားသော ချို၍ကပ်ငြိရန်လွယ်ကူသော အစားအစာများကို ပိုမိုများပြားစွာ စားသုံးလာကြခြင်းကြောင့် သွားပိုးစားခြင်းမှာ ပိုမို၍ဖြစ်လာရသည်ဟု သုတေသီများက သိရှိခဲ့ပါသည်။ ချို၍စေးကပ်သော အစားအစာကို ကြိမ်ဖန်များစွာ အမြောက်အမြား စားသုံးခြင်းကြောင့် သွားပိုးစားခြင်းကို ဖြစ်စေသည်ဟု ဆိုသည်။

ကျွန်တော်တို့နိုင်ငံသည်လည်း တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံသူ နိုင်ငံသားတို့၏ဘဝ၊ နေထိုင်မှုနှင့် စားသောက်မှုပုံစံများ ပို၍တိုးတက်ပြောင်းလဲလာကာ ပြုပြင်စီမံထားသည့် ချိုစေးကပ်အစားအစာများ အမြောက်အမြား စားသုံးလာကြ၍ သွားပိုးစားရောဂါအဖြစ်များလာနိုင်စရာရှိမည်ဟု တွေးပူမိပါသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစီမံချက်များချရာတွင် သွားနှင့်ခံတွင်း ကျန်းမာရေးစီမံချက်ပန်းတိုင်များချမှတ်ရန် လိုအပ်လာပါသည်။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ချမှတ်ကျင့်သုံးနေသည့် အသက်(၈၀)တွင် ကောင်းမွန်နေသည့် သွားအချောင်း ၂၀ ရှိရမည်ဆိုသော စီမံချက်မျိုးလုပ်ဆောင်ရန်လိုပါသည်။ သွား၊ ခံတွင်း ကျန်းမာရေးအတွက် ပို၍ အသိပညာများပေးဖို့လိုပါသည်။ သွားပိုးစားခြင်းမှာ လူအများစုတွင်ဖြစ်နိုင်သော ရောဂါဖြစ်သဖြင့် သွားပိုးစားရောဂါအကြောင်းသိရှိမှသာ သွားပိုးစားခြင်း မဖြစ်အောင် မည်သို့သောအချက်များအား ဆောင်ရန်၊ ရှောင်ရန်တို့ကို သတိထားဆင်ခြင်နိုင်ပါမည်။

သွားပိုးစားခြင်းဖြစ်စဉ်

"သွားပိုးစား"ဟု လူသိများခေါ်ဆိုသော်လည်း အမှန်မှာ "သွားဆွေးမြည့်"ပျက်စီးခြင်း (Dentaldecay)သာ ဖြစ်သည်။ အချို့လူများထင်မြင်သကဲ့သို့ သွားပိုးကောင်ငယ်များက သွားကိုကိုက်စားခြင်း မဟုတ်ပါ။ ပါးစပ်ထဲရှိ မျက်စိဖြင့်မမြင်နိုင်သည့် စေးကပ်ပျော့ပျောင်းသော အလွှာပါးလေးဖြစ်သော သွားချေးလွှာ (Bacterial Plaque)ရှိ မမြင်နိုင်သည့် ဗက်တီးရီးယားတချို့က အစားအသောက်များတွင်ပါရှိသော "ဆူးခရို့စ်"ခေါ် သကြားဓာတ်ကို အချဉ်ဖောက်ရာမှ အက်စစ်ပျော့တစ်မျိုးထွက်လာပါသည်။ ထိုအက်စစ်ကသာ သွားဖွဲ့စည်းမှုတွင် ပါဝင်သော ကယ်လ်ဆီယမ်နှင့် ဖော့စဖိတ်သတ္တုဓာတ်များကို ပျော်ဝင်ပျက်စီးစေကာ သွားပိုးစားခြင်း သို့မဟုတ် ပိုးပေါက်ကို ဖြစ်လာစေခြင်းဖြစ်သည်။

သွားပိုးစားရောဂါဖြစ်စဉ်ဖြစ်သော သွားကြွေလွှာရှိ သတ္တုဓာတ်များ ပြိုကွဲပျက်စီးခြင်း (demineralization) စတင်သည်နှင့် တစ်ချိန်တည်းမှာပင် သွားကြွေလွှာသတ္တုဓာတ်များအား ပြန်လည်ဖွဲ့စည်းတည်ဆောက်ခြင်း (reminer alization)မှာ တစ်ပြိုက်နက်တည်းရှိနေသည်။ ပြိုကွဲပျက်စီးမှုဖြစ်စဉ်က ပိုမိုများမှသာလျှင် သွားပိုးစားခြင်း ဖြစ်လာရပါသည်။

အက်စစ်တို့နှင့် သွားထိတွေ့မှုအချိန်ကြာလာလေလေ သွားပိုးစားခြင်းဆိုးရွားလာကာ သွားပိုးပေါက်ပိုမိုကြီးလာလေလေဖြစ်သည်။ ဖြစ်စတွင် နာကျင်မှုမဖြစ်တတ်ဘဲ ပိုးပေါက်ကြီး၍ အတွင်းလွှာအသားနုသို့ ရောက်မှသာ မခံနိုင်အောင် နာကျင်မှု ရှိတတ်ပါသည်။

သွားပိုးစားခြင်းဖြစ်ရန် လွယ်ကူသော နေရာများမှာ ကြိတ်ဝါးသောသွားမျက်နှာပြင်ရှိ ချိုင့်ခွက်နှင့် မြောင်းငယ်လေးများ၊ သွားနှစ်ချောင်းကြားနေရာများနှင့် သွားဖုံးဝန်းကျင်နေရာများတွင် သွားပိုးစားလေ့ရှိပါသည်။ သွားပိုးစားခြင်းစတင်ဖြစ်လျှင် ပိုးစားသောနေရာများနှင့် အမည်းစက်များ၊ အမည်းကြောင်းများနှင့် အမည်းရိပ်ထင်ဟပ်မှုများဖြစ်လာပြီး ပို၍ဆိုးရွားလာလျှင် ပိုးစားပေါက်အခေါင်းများဖြစ်လာပါသည်။ ပိုးစားမှုအစတွင် သွား၏အပေါ်ဆုံးကြွေလွှာကို စတင်ပိုးစားခြင်းဖြစ်၍ နာကျင်မှုမရှိနိုင်ပါ။ ဒုတိယအလွှာဖြစ်သည့် ဆင်စွယ်နှစ်လွှာကို ပိုးစားလျှင် အပူအအေးစာ စားသောက်ရာတွင် နာကျင်မှုဖြစ်လာနိုင်ပါသည်။ ထိုအချိန်တွင် သွားနှင့်ခံတွင်း ဆရာဝန်ထံ အချိန်မီပြသ၍ ကုသမှုကို အလျင်အမြန်လုပ်သင့်ပါသည်။ သွား၏အောက်ဆုံးအလွှာ အသားနုအထိ ပိုးစားလျှင်မူ မခံနိုင်အောင်နာကျင်မှုဝေဒနာကို ခံစားရတော့မည်ဖြစ်ပြီး ကုသမှုခက်ခဲသွားပါသည်။ အလျဉ်းမသင့်ပါက သွားနုတ်ပစ်ရ၊ သွားဆုံးရှုံးရသည်အထိ ရောက်သွားနိုင်ပါသည်။

သွားပိုးစားရောဂါဖြစ်စေသော အဓိက ဗက်တီးရီးယားနှစ်မျိုးဖြစ်သည့် စထရက်တိုကော့ကိုင်းမျူးတန်နှင့် လက်တိုဘက်ဆဲလိုင်းတို့မှာ မိဘများမှတစ်ဆင့် ကလေးငယ်များသို့ ကူးစက်ရောက်ရှိနိုင်သဖြင့် ဆိုးရွားစွာ သွားပိုးစားခြင်းရှိသည့် မိဘများ၏ ကလေးငယ်များတွင် သွားပိုးစားခြင်းဖြစ်ရန် လွယ်ကူပါသည်။ ဆေးသိပ္ပံပညာရှင်များ၏ တွေ့ရှိချက်များအရ သွားပိုးစားရောဂါကို ဖြစ်စေနိုင်သော အကြောင်းတရားများကို သိရှိခဲ့ရပြီးဖြစ်ပါသည်။ သွားပိုးစားခြင်း၊ ဖြစ်လွယ်မှု၊ မဖြစ်လွယ်မှုတို့သည် အောက်ပါအချက်အလက်များပေါ်တွင် မူတည်ပါသည်။

(၁) **လူတစ်ဦးချင်းစီ၏ အခြေအနေ**

သွားပိုးစားခြင်းဖြစ်ရန် လူတစ်ဦးချင်းစီနှင့် ပါးစပ်တစ်ခုထဲရှိ သွားတစ်ချောင်းစီ၏ ရရှိထားသော အခြေအနေတို့ပေါ်တွင်မူတည်ပြီး ဖြစ်နိုင်ခြေကွာခြားပါသည်။ သွားပိုးစားခြင်းမှာ လူတစ်ဦးချင်းစီ၏ မေးရိုးတည်ဆောက်ပုံ၊ ပါးစပ်၏ ပုံသဏ္ဍာန်၊ သွားဖွဲ့စည်းတည်ဆောက်ပုံနှင့် တံတွေးထွက်မှု ပမာဏနှင့် အရည်အချင်းတို့ပေါ်တွင် မူတည်၍ တချို့သွားမှာ တချို့သွားထက် သွားပိုးစားမှု ပိုမိုနေသည်ကို တွေ့ရသည်။ ဥပမာ-တချို့သွားတွင် ချိုင့်ခွက်များနှင့် အက်ကြောင်းငယ်များ ပိုမိုရှိနေခြင်းဖြင့် အစာများကပ်ငြိရန်လွယ်ကူခြင်း၊ ဗက်တီးရီးယား ခိုအောင်းနိုင်ခြင်းနှင့် အက်စစ်ဓာတ်များကို ကြာရှည်စွာ ထိန်းသိမ်းထားနိုင်ခြင်းတို့ကို ဖြစ်စေပါသည်။

မေးရိုးနှင့် သွားပေါက်ပုံမှုမမှန်ခြင်းတို့ကြောင့် သွားသန့်ရှင်းမှုလုပ်ရာ၌ ပိုမိုခက်ခဲသဖြင့် သွားပိုးစားခြင်းကို ပို၍ဖြစ်စေပါသည်။ တံတွေးသည် သွားတွင်တွယ်ကပ်နေသော အစာကြွင်းအစာကျန်များကို ဆေးကြောသန့်စင်နိုင်ပြီး အက်စစ်ကို ချေဖျက်နိုင်သဖြင့် သွားပိုးစားခြင်းကို ကာကွယ်နိုင်ပါသည်။ ပါးစပ်ထဲရှိ ပိုးစားခြင်းဖြစ်စဉ်တွင်ပါဝင်သော ဗက်တီးရီးယားပိုးမွှား အနည်းအများပေါ်တွင်လည်း မူတည်သည်။ ခံတွင်းသန့်ရှင်းမှုမရှိသောသူ၏ ပါးစပ်တွင် ပိုးမွှားပမာဏ ပိုမိုများပြား၍ ပိုးစားခြင်းဖြစ်လွယ်ပြီး ခံတွင်းသန့်ရှင်းသူ၏ ပါးစပ်တွင် ပိုးမွှားပမာဏနည်းသဖြင့် ပိုးစားခြင်းဖြစ်ရန် မလွယ်ကူပါ။

(၂) **ခံတွင်းသန့်ရှင်းမှုနှင့် ဖလိုရိုက်သုံးစွဲမှု**

လေ့လာချက်များအရ ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် သွားနှင့်ခံတွင်း သန့်ရှင်းမှုကို အလေးထားလုပ်ဆောင်ခြင်းနှင့် ဖလိုရိုက်သုံးစွဲမှုတို့ကြောင့် သွားပိုးစားခြင်း ပိုမိုလျော့ချနိုင်ကြောင်း တွေ့ရပါသည်။ သွားနှင့်ခံတွင်း သန့်ရှင်းရန် အချိန်မှန်၊ စနစ်မှန်၊ ဖလိုရိုက်ပါသွားတိုက်ဆေး သုံးစွဲသွားတိုက်ခြင်း၊ သွားကြားပွတ်ကြိုးသုံးခြင်းနှင့် ပုံမှန်သွားစစ်ဆေးမှုခံယူခြင်းတို့သည် သွားပိုးစားရောဂါတိုက်ဖျက်ရေးတွင် အဓိကကျအရေးပါအရာရောက်ကြောင်း တွေ့ရသည်။

ဖလိုရိုက်ဓာတုဒြပ်စင်သည် သွားပိုးစားရောဂါ ကာကွယ်ရန် အလွန်အသုံးဝင်သော ဓာတ်ပစ္စည်းတစ်ခုဖြစ်သည်။ ဖလိုရိုက်သည် သွားကြွေလွှာဖွဲ့စည်းမှုကို ပိုမိုခိုင်ခံ့စေသည်။ ကြွေလွှာကို မာကြောလာစေပါသည်။ အက်စစ်ကြောင့် ပျော်ထွက်လာသော သတ္တုဓာတ်များကို သွားသို့ပြန်ရောက်ရှိရန် ပြန်လည်ဖွဲ့စည်းခြင်း (Reminer-alization)ဖြစ်စဉ်ကိုအားပေးသည်။ ဗက်တီးရီးယားများ၏အက်စစ်ထုတ်နိုင်မှုစွမ်းအားကို လျော့ပါးစေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် သွားပိုးစားရောဂါကာကွယ်ရန်အတွက် မှန်ကန်သောအချိုးအစားဖြင့် သောက်သုံးရေတွင် ထည့်သွင်းဖြန့်ဖြူးကြပါသည်။

နို့၊ အိမ်သုံးဆား၊ သွားတိုက်ဆေး၊ သွားသန့်ငုံဆေးရည်၊ ဖလိုရိုက်ဆေးပြားနှင့် အခြားစားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့တွင်လည်း ထည့်သွင်းအသုံးပြုကြသည်ကို တွေ့ရပါသည်။ ထိုအထဲတွင် သွားတိုက်ဆေး၌ ဖလိုရိုက်ထည့်သွင်းအသုံးပြုခြင်းမှာ လူအများအတွက် လက်လှမ်းအမီဆုံးနှင့် အထိရောက်ဆုံးသော သွားပိုးစားရောဂါကာကွယ်ရေး လက်နက်တစ်ခု ဖြစ်ပါသည်။

(၃) **အစားအသောက်နှင့်ဆက်စပ်မှု**

ရှေးနှစ်ပေါင်းများစွာကပင် သုတေသီများ တွေ့ရှိချက်က သွားပိုးစားခြင်းသည် အစားအစာများ၏ အချိုပါဝင်မှုနှင့် တိုက်ရိုက်အချိုးကျဖြစ်သဖြင့် သွားပိုးစားခြင်း ကာကွယ်ရန် အချိုစာများအလွန်အကျွံမစားသင့်ဟု အကြံပြုပညာပေးခဲ့ကြပါသည်။ သို့သော် နောက်ထပ်လေ့လာတွေ့ရှိချက်များအရ ဥရောပနိုင်ငံအများစုတွင် အစားအစာများ၌ သကြားပါဝင်မှုနှုန်း ယခင်ကအတိုင်းရှိသော်လည်း သွားပိုးစားခြင်းမှာ ကျဆင်းလာကြောင်း တွေ့ရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာများ တိုးပွားလာပြီး သွားနှင့်ခံတွင်း သန့်ရှင်းမှုကို ပိုမိုလုပ်ဆောင်လာကြခြင်းနှင့် ဖလိုရိုက်ပါ သွားတိုက်ဆေးနှင့် စားသောက်ကုန်ပစ္စည်းများ သုံးစွဲရမှုရရှိခြင်းနှင့် ပုံမှန်သွားနှင့်ခံတွင်း စစ်ဆေးမှုခံယူလာခြင်းတို့ကြောင့်ဖြစ်သည်ဟု ဆိုပါသည်။

နောက်ထပ်လေ့လာတွေ့ရှိချက်များအရ သွားပိုးစားခြင်းဖြစ်ရန် အချိုစာ၊ အချိုရည်များကြောင့်သာမဟုတ်ဘဲ သွားပေါ်တွင် ကြာရှည်တွယ်ကပ်နေနိုင်သော အချဉ်ပေါက်နိုင်သည့် ကစီဓာတ်ပါဝင်သည့် စေးကပ်သော အစားအစာများကြောင့်လည်း ဖြစ်စေနိုင်ကြောင်း တွေ့ရှိရပါသည်။ လေ့လာစမ်းသပ်ချက်များအရ ဆန် (ထမင်း)၊ အာလူးနှင့်ပေါင်မုန့်စသည်တို့ကို စားသုံးပြီး ဖြစ်လာနိုင်သော အက်စစ်ပမာဏနှင့် ၁၀ ရာခိုင်နှုန်း သကြားဖျော်ရည်မှ ထွက်ပေါ်နိုင်သော အက်စစ်ပမာဏတို့မှာ တူညီနေသည်ကို တွေ့ရသည်။ ထို့ပြင် ပေါင်မုန့်၊ အာလူးချောင်းကြော် စသည်တို့ စားသုံးပြီး ဖြစ်ပေါ်လာသော အက်စစ်သည် သကြားစား၍ဖြစ်သော အက်စစ်အချဉ်ဓာတ်ထက် ပမာဏများပြီး သွားတွင်ပို၍ အချိန်ကြာရှည်စွာ တွယ်ကပ်နေနိုင်ကြောင်းတို့ကို တွေ့ရှိပါသည်။ ထို့ကြောင့် စေးကပ်သော အစားအစာများကြောင့် သွားပိုးစားခြင်းကို ပိုမိုဖြစ်နိုင်ကြောင်း တွေ့ရသည်။ နို့ပိုးစားခြင်းမှာ မိခင်နို့ရည်နှင့်နို့ဘူးတို့တွင် သကြားဓာတ်ပါဝင်မှုများခြင်းကြောင့် ဖြစ်ပါသည်။

(၄) **အစားအစာပမာဏနှင့် အကြိမ်အရေအတွက်**

အစာစားပြီး အချဉ်ပေါက် အက်စစ်ဖြစ်ပေါ်လာရန် အချိန်ငါးမိနစ်သာကြာပါသည်။ နာရီဝက်အတွင်း တံတွေးက အက်စစ်ဓာတ်ကို ချေဖျက်နိုင်ပါသည်။ ချိုစေးကပ်အစာပမာဏ များများစားခြင်းနှင့် အကြိမ်အရေအတွက် များများစားခြင်းတို့ကြောင့် တံတွေး၏ဓာတ်ပြယ်စေနိုင်မှုကို လျော့ပါးစေသဖြင့် သွားပိုးစားခြင်းကို ဖြစ်လာစေပါသည်။

(၅) **အကျိုးပြုအစားအစာများ**

ဒိန်ခဲနှင့်နို့တွင် ကယ်လ်ဆီယမ်၊ ဖော့စဖိတ်၊ ကာဆိန်နှင့် အသားဓာတ်တို့ပါဝင်၍ သွားပိုးစားခြင်းကို ကာကွယ်နိုင်ပါသည်။ အစားအသောက်တို့တွင် အချိုဓာတ်ရရန် သကြားအစား Saccharin, Isomalt, Sorbital နှင့် Xylitol တို့ကိုသုံးခြင်းဖြင့် သွားပိုးစားခြင်းကို ကာကွယ်နိုင်ပါသည်။

သွားပိုးစားရောဂါကို ကာကွယ်တားဆီးရန် အောက်ပါအချက်အလက်များ လိုက်နာသင့်သည်-

(၁) ချိုစေးကပ်အစာများကို ပမာဏနှင့် အကြိမ်အရေအတွက်အား လျှော့ပေါ့စားသောက်ပါ။
(ဥပမာ-ထိုးမုန့်၊ ဟာလဝါ၊မုန့်ခေါပြင်၊ မုန့်စိမ်းပေါင်း၊ ဘီစကစ်၊ ကွတ်ကီး၊ ကိတ်မုန့်)

(၂) ထမင်းနှင့် မုန့်ပဲသရေစာများကို စားပြီးတိုင်းသွား၌ ကပ်တွယ်နေသော အစာကြွင်း အစာကျန်များစင်ကြယ်သွားအောင် ရေဖြင့် ပလုတ်ကျင်းပေးပါ။

(၃) နံနက်စာနှင့် ညစာစားပြီးလျှင် ဒိန်ခဲအနည်းငယ်စားပေးပါ။ သကြားမပါ ပီကေဝါးပေးပါ။ ပီကေဝါးခြင်းဖြင့် သွားတွင်ကပ်တင်နေသောအစာကြွင်းအစာကျန်များကို စင်ကြယ်သွားစေပြီး တံတွေးအထွက်များလာသဖြင့် သွားပိုးစားမှုဖြစ်စဉ်ကို ရပ်တန့်စေနိုင်ပါသည်။

(၄) တစ်နေ့လျှင် နှစ်ကြိမ်မှသုံးကြိမ်ခန့် ဖလိုရိုက်ပါ ငုံဆေးရည်ဖြင့် သွားနှင့်ခံတွင်းကို သန့်ရှင်းပါ။

(၅) ဖလိုရိုက်ပါသွားတိုက်ဆေးသုံး၍ နံနက်စာစားပြီး တစ်ကြိမ်၊ ညမအိပ်မီ တစ်ကြိမ် သွားနှင့်ခံတွင်းကို သန့်ရှင်းစင်ကြယ်သွားအောင် နည်းစနစ်မှန်ကန်စွာ ပုံမှန်သွားတိုက်ပေးပါ။ (အိပ်နေစဉ် တံတွေးအထွက်နည်း၍ ညမအိပ်မီ သွားတိုက်ရန် အလွန်အရေးကြီးပါသည်။)

(၆) နို့စို့ကလေးငယ်များအား သွားပေါက်ချိန်မှစ၍ သွားသန့်ရှင်းအောင် မိခင်မှ ဂရုတစိုက်လုပ်ပေးပါ။ နို့ဘူးတိုက်လျှင် သကြားလျှော့ထည့်ပါ။ ညအိပ်လျှင် နို့ဘူးအစား သကြားမပါ ရေဘူးတိုက်ပါ။ နို့စို့၊ အစာစားပြီးတိုင်း သန့်ရှင်းသောဂွမ်းစ သို့မဟုတ် အဝတ်စကိုရေဆွတ်၍ သွားနှင့်ခံတွင်းသန့်ရှင်းရေးလုပ်ပေးပါ။ သွားပွတ်တံဖြင့် သွားတိုက်၍ရနိုင်သည့်အရွယ် ကလေးငယ်များကို မိဘတစ်ဦးဦးအကူအညီဖြင့် သွားတိုက်ပေးပါ။ (ကလေးသွားတိုက်ဆေး မရနိုင်ပါက လူကြီးသုံးသွားတိုက်ဆေးကို အနည်းငယ်(ပြောင်းစေ့ခန့်)သာထည့်ပါ။)

(၇) ခြောက်လတစ်ကြိမ် ပုံမှန်သွားနှင့်ခံတွင်းစစ်ဆေးမှုကို ခံယူပါ။

အထက်ပါအတိုင်း လိုက်နာလုပ်ဆောင်နိုင်ပါက သွားပိုးစားရောဂါမှ ကင်းဝေးနိုင်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ဖယောင်းတိုင် မီးပူဇော်ရာမှ မြောက်ဥက္ကလာ၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဧပြီ ၁၉

ကန်တော့ပွဲတွင် ဖယောင်းတိုင်မီးပူဇော်ရာမှ ဘေးရှိ ခွေဖိုင်စင်သို့ မီးလောင်ကျွမ်းမှုဖြစ်စဉ်တစ်ခု ဧပြီ ၁၈ ရက် ညနေ ၆ နာရီ ၃၆ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုမှာ မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန် (င)ရပ်ကွက် ဘောဂဗလလမ်း KTVဆိုင်တစ်ဆိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အပေါ်ထပ် အမိုးအကာနှင့် အတွင်းပစ္စည်းများ မီးလောင်ခံရကြောင်း၊ ထိုမီးလောင်မှုကို တောင်ဥက္ကလာ၊ ဒဂုံ(မြောက်)၊ အင်းစိန်၊ လှိုင်၊ ဘုရင့်နောင်၊ မရမ်းကုန်း၊ တာမွေ၊ ဌာနချုပ်တို့မှ မီးသတ်ယာဉ် ၂၇ စီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ အုပ်ချုပ်မှုယာဉ်ခြောက်စီး၊ သန္ဓေတပ်ဖွဲ့ဝင် ၂၁၈ ဦး၊ အရန်တပ်ဖွဲ့ဝင် ၈၀ တို့ အပါအဝင် ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် အနီးကပ်ကြီးကြပ် ကွပ်ကဲငြိမ်းသတ်ခဲ့ရာ ညနေ ၆နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားသော အဆောက်အအုံမှာ ပေ၄၀×ပေ၆၀ အုတ်ကွပ်မိုး၊ သုံးထပ်သားကာ ပျဉ်ခင်းနှစ်ထပ်တွင် အပေါ်ထပ်၌ လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ထိုမီးလောင်မှုကြောင့် ဆိုင်တာဝန်ရှိသူအား ပ-၄၁၇/ ၂၀၁၂ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်းသတင်းရရှိသည်။

(၆၈၀)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

မသုံးတတ်က မီးရန်က ဒုက္ခပေးလိမ့်မည်

စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့၏ စုပေါင်းသွေးလှူဒါန်းပွဲကို လသာမြို့နယ် အမျိုးသားသွေးလှူဘဏ်၌ ကျင်းပရာ တိုင်းဒေသကြီး နာယကများနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်များမှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သွေးအလှူရှင်များ စုစုပေါင်းအင်အား ၂၅၀ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး နာယကများ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားပြီး အာဟာရဖြည့် အစားအစာများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ သွေးလှူဒါန်းပွဲတွင် သွေးလှူရှင် ၉၄ ဦးက သွေးများလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ နာယကများ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးကြစဉ်။

(ကြေးမုံ)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်နှင့် ပရိသတ်များက ဘိုးဘွားများအား ဂါရဝပြု ကန်တော့ကြစဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်တို့သည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ညောင်ပင်ကြီး ဇက်ကူးတို့ဆိပ်၌ ကျင်းပသည့် ဇီဝိတဒါန ငါးလွှတ်ပွဲသို့ တက်ရောက်၍ ရွှေဝါငါးကြင်း သားပေါက်များအပါအဝင် ငါးမျိုးကောင်ရေ ၅၀၀၀၀ ကို ချင်းတွင်းမြစ်အတွင်း လွှတ်ပေးကြသည်။

ထို့နောက် မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် သက်ကြီးပူဇော်ပွဲသို့ တက်ရောက်ကြရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဇနီးနှင့် တာဝန်ရှိသူများက ဘိုးဘွားများအား ဂါရဝပြု ကန်တော့ကြရာ အဘိုး ဦးဉာဏ်အောင်က ဆုတောင်းမေတ္တာ ပို့သခဲ့သည်။

ယနေ့ အခမ်းအနားတွင် (၇၈)နှစ်အထက် အဘိုး ၂၀၊ အဘွား ၂၇ ဦး စုစုပေါင်း ၄၇ ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြရာ လှူဒါန်းမှုစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၂၂၅၆၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန လေးထောင့်ကန် ငါးလုပ်ငန်းစခန်း ဝန်ထမ်းများ၏ ပေါင်းစည်းလယ်ယာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးခင်မောင်အေး လေးထောင့်ကန် ငါးလုပ်ငန်းစခန်း စစ်ဆေး

ရန်ကုန် ဧပြီ ၁၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ယနေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ လေးထောင့်ကန် ငါးလုပ်ငန်းစခန်းသို့ ရောက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးနှင့် စခန်းတာဝန်ခံ ဒေါ်သင်းသင်းဦးတို့က ငါးသားဖောက်ရာသီချိန်အမီ ငါးမှုန် ငါးသန်ပြုစုကန်များ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ မျိုးငါးကြီးများ ပြုစုမွေးမြူထားရှိမှု၊ ငါးမျိုး မျိုးမြှင့်တင်ခြင်းလုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ သားငါး ထုတ်လုပ်မှုတိုးတက်ရေးနှင့် သား/ငါး စားသုံးမှုနှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များ ရည်မှန်းချက်ပြည့်မီ ကျော်လွန်အောင် ထုတ်လုပ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများအတွက် တစ်ပိုင်တစ်နိုင် ငါးမွေးကန်ငယ်များအတွင်း ငါးသားဖောက်ခြင်း၊ ကြီးထွားအောင်မွေးမြူခြင်း စသည့် လုပ်ငန်းများကို ကျေးလက်နေပြည်သူများအား အသိပညာဖြန့်ဝေရေးတို့ကို ဆွေးနွေးမှာကြားပြီး ငါးမှုန် ငါးသန် ပြုစုကန်များ ပြုပြင်စီမံထားမှု၊ မျိုးငါးများ မွေးမြူထားမှု၊ ဝန်ထမ်းများ၏ မတည်ရင်းနှီးငွေဖြင့် ဆောင်ရွက်လျက်ရှိသော ငါးမွေးကန်၊ ဘဲနှင့်ကြက်၊ နွားမွေးမြူခြင်း၊ မီးဖိုချောင်သုံး သီးနှံစိုက်ခင်းများ စုစည်းဆောင်ရွက်သည့် ပေါင်းစည်းလယ်ယာ (Integrated Farming) တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ တည်ဆောက်ရေးစီမံကိန်း ၉၀ ရာခိုင်နှုန်း ပြီးစီး

မန္တလေး ဧပြီ ၁၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အမရပူရမြို့နယ် မြစ်ငယ်-ထုံးဘို ဖြတ်လမ်းနှင့် ကနောင်မင်းသားကြီးလမ်း ၆၃ လမ်းနှင့် ၆၆ လမ်းကြား နတ်ရေကန်ကျေးရွာအနီး စီမံကိန်းဧရိယာ ၆၂ ဒသမ ၀၈ ဧကတွင် တည်ဆောက်လျက်ရှိသော အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များ တည်ဆောက်ရေးစီမံကိန်းတွင် ယာဉ်ရပ်နားနေရာ၊ အတွင်းလမ်း၊ အပြင်လမ်း၊ ကွန်ကရစ်လမ်းများ၊ ရေနုတ်မြောင်းများ ပွဲရုံနှင့် ကုန်စည်ဒိုင်များ၊ သိုလှောင်ရုံများလည်း ပြီးစီးပြီဖြစ်ရာ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

မန္တလေးမြို့အတွင်း ပွဲရုံကြီးများသို့ ကုန်တင်ယာဉ်များ ဝင်ရောက်မှုနှင့် ဈေးချိုဝန်းကျင် ကုန်တင်ကုန်ချမှုများ ကင်းရှင်းကာ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းသွားမည်ဖြစ်သည်။ ကုန်ပစ္စည်းအမျိုးအစားလိုက် သိုလှောင်ရုံများ တည်ဆောက်ထားသဖြင့် ကုန်စည်ရောင်းဝယ်မှု အဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။ (၆၅၃)

အမှတ်-၂၂ (ဒီ) စိမ်းလဲ့ရိပ်သာလမ်း တက္ကသိုလ်ရိပ်မွန်ဝင်း ဗဟန်းမြို့နယ်နေ ဦးရွှေလှနှင့် တူ၊ တူမ၊ မြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံကြီး)

လျှပ်စစ်သုံးလျှင် သတိယုဉ် ဝန်အားမမျှ မသုံးရ

ယနေ့ဖတ်စရာ မှတ်စရာ — အောင်ကျော်ညို(ဆင်ချဆိပ်)

အမှိုက်

တစ်နေ့ မီးရထားမစီးဖူးသေးသည့် သားငယ်နှင့် မြို့ပတ်ရထားစီးဖြစ်သည်။ ရထားလမ်းဘေးဝဲ၊ ယာတွင် မြင်မကောင်း၊ ရှုမကောင်း အမှိုက်မျိုးစုံကို တွေ့ရသည်။ နိုင်ငံခြားသားများ၏ ဗီဒီယိုကင်မရာ မှတ်တမ်းတင်မှုအောက်တွင် အမှိုက်တွေမြူးထူးခုန်ပေါက်နေသလား အောက်မေ့ရသည်။ မဟာရန်ကုန်၏ တစ်နေ့ထွက်ရှိ အမှိုက်တန်ချိန် ၁၆၄၀ တွင် ဤပရမ်းပတာ အမှိုက်များ အကျုံးဝင်မည်မထင်ပါ။ သို့သော် အီတလီနိုင်ငံ နေပယ်မြို့မှာ ကြုံနေရသော အမှိုက်ပြဿနာလောက် မကြီးကျယ်သေး။ နေပယ်မြို့လမ်းများပေါ်တွင် အမှိုက်တန် ၆၀၀၀၀ လောက်ထိ စုပုံနေ၍ သီးသန့်ကော်မရှင်နာ ခန့်ထားရှင်းလင်းနေရသည်။

ဘရာဇီးနိုင်ငံသားတစ်ဦး၏ အမှိုက်နှင့် ဝက်ပါလုပ်ထားသော ပညာပေးပြကွက်တစ်ခုကို တီဗွီသတင်းမှာ တွေ့လိုက်ရသည်။ ကမ္ဘာမြေပေါ်မှာကဲ့သို့ ပင်လယ်သမုဒ္ဒရာတွင်လည်း အမှိုက်အများအပြားရှိနေသည်။ လတ်တလော ဂျပန်ဆူနာမီ အမှိုက်သရိုက်တန်ချိန် ရှစ်သန်းခန့် ပစိဖိတ်သမုဒ္ဒရာအတွင်း မျောပါလျက်ရှိနေကြောင်းသိရသည်။ ပတ်ဝန်းကျင် ညစ်ညမ်းလာမှု အကျိုးဆက်အဖြစ် ပင်လယ်ရေအတွင်း အက်စစ်ဓာတ်ပျော်ဝင်နှုန်းသည် လွန်ခဲ့သောနှစ်ပေါင်း ၅၆ သန်းခန့်က ရေသတ္တဝါများမျိုးသုဉ်းပျောက်ကွယ်ခဲ့ရသော အခြေအနေနှင့် နှိုင်းယှဉ်လုနီးပါး ဖြစ်လာနေကြောင်း သိပ္ပံပညာရှင်များက အသိပေးထောက်ပြလာကြသည်။ ကမ္ဘာ့လေထုအတွင်းတွင်လည်း လူတို့ကြောင့်ဖြစ်လာသော ကာဗွန်ဓာတ်ငွေ့အမှိုက်များ ပျံ့နှံ့တည်ရှိနေသည်။ အကျိုးဆက်မှာ အိုဇုန်းလွှာ ဟောင်းလောင်းပေါက်လာသည်။ ကမ္ဘာကြီးပူနွေးလာသည်။ ရေမျက်နှာပြင်မြင့်တက်လာ၍ ကျွန်းနိုင်ငံများကို ခြိမ်းခြောက် အန္တရာယ်ပြုလာနေသည်။ ကမောက်ကမရာသီဥတုဖောက်ပြန်မှုများ နေရာအနှံ့ တွေ့လာရသည်။ ထို့ကြောင့် အမှိုက်သည် ယနေ့ကမ္ဘာအရပ်ရပ်မှာ ပြဿနာအဖြစ် ရပ်တည်လျက်ရှိနေသည်။

ကမ္ဘာမှာကဲ့သို့ပင် အာကာသအတွင်းတွင်လည်း အမှိုက်ပြဿနာရှိနေသည်။ ဂြိုဟ်တုဟောင်းများ၊ သတ္တုအပိုင်းအစများ ၁၆၀၀၀ ခန့်သည် မြေကမ္ဘာနှင့်အပြိုင် ဝိုင်းကြီးပတ်ပတ် ပြေးတမ်းလိုက်တမ်း ကစားနေကြသည်။ ဤအမှိုက်များကို ရှင်းလင်းနိုင်ရေး ဆွစ်ဇာလန်နှင့် ဂျာမနီ သိပ္ပံပညာရှင်များ သုတေသနပြု အဖြေရှာနေကြရသည်။

လူတို့ဖန်တီးသော ဂြိုဟ်တုဟောင်းအမှိုက်များအပြင် သဘာဝဂြိုဟ်သိမ်အမှိုက်ပေါင်း ၁၉၀၀၀ ခန့်သည် ကမ္ဘာမှ မိုင်သန်း ၁၂၀ အတွင်းရှိနေကြောင်း နာဆာ၏ လေ့လာဖော်ပြချက်အရသိရသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းခန့်က ကမ္ဘာမှ ဒိုင်နိုဆောများကို မျိုးပြုန်းစေခဲ့သည်မှာ ဤဂြိုဟ်သိမ်အမှိုက်ကြောင့် ဖြစ်သည်။ ယခုတစ်ခါ ၂၀၁၁-AG5 ဟု အမည်ပေးထားသော ဂြိုဟ်သိမ်တစ်ခု ကမ္ဘာအနီးမှ ဖြတ်သန်းမည်ဖြစ်ရာ လမ်းကြောင်းလွှဲဖယ်ရန် နာဆာမှ ကြိုးစားဆောင်ရွက်နေကြောင်း ဖတ်လိုက်ရသည်။ ဤကဲ့သို့ ကမ္ဘာကိုဒုက္ခပေးနေသော မြင်သာထင်သာ ကုန်း၊ ရေ၊ လေနှင့် အာကာသအမှိုက်များအပြင် သာမန်မျက်စိနှင့် မမြင်နိုင်စွမ်းသောဖျက်အားပြင်း အမှိုက်များလည်း မြေကမ္ဘာမှာ ရှိသေးသည်။ ၎င်းမှာ လူသားတို့၏ အတွင်းအဇ္ဈတ္တခန္ဓာအိမ်ထဲမှာ ပုန်းခိုဒုက္ခပေးနေသော သမုဒယန္တွယ်ဖွား အမှိုက်များဖြစ်ကြသည်။ လူတို့ဖန်တီးသော အမှိုက်ဟူသမျှ ဖြစ်တည်ရာ မူလဌာနဆိုလည်း မှားအံ့မထင်ပါ။

ဆရာကြီးပီမိုးနင်း ညွှန်းဆိုခဲ့သည့် ကမ္ဘာတွင် စိတ်ချမ်းသာဆုံးလူသား "အရူး" ဆိုသူများကို လူစည်ကားရာအရပ် ဈေးလမ်းများတွင် အမှိုက်ထုပ်များကို ထမ်းလျက် တွေ့ရတတ်သည်။ သနားစရာအမြင်နှင့် လူအများ ပြုံးကြည့်တတ်ကြသည်။ အကယ်၍သာ မိမိတို့သည်လည်း အမှိုက်ထုပ်ပေါင်းများစွာကို မနိုင်မနင်း သယ်ပိုးထမ်းထားရသည်ဆိုလျှင် အရူးဆိုသူများအား ပြုံးကြည့်နိုင်ကြပါမည်လော။ မိမိတို့သည် လောဘ၊ ဒေါသ၊ မောဟ စသည့် စေတသိက်စိတ်ယုတ် အမှိုက်ထုပ်ပေါင်းများစွာကို ထမ်းထားမှန်းမသိ ဖြစ်နေကြသည့် အရူးဆိုသူများထက် သနားစရာ လူသတ္တဝါများဖြစ်နေကြ၍ ဖြစ်ပါသည်။

ဒေါ်ပုံမြို့ အမှိုက်ပုံဟောင်းပေါ်တွင် ဆောက်လုပ်ထားသော အိမ်တစ်လုံး၏ ကွန်ကရစ်ကြမ်းခင်းများ အပူရှိန်မြင့်တက်လာမှုဖြစ်ခဲ့သည်။ မြေကြီးအောက် အမှိုက်ဟောင်းများ ဓာတ်ပြုမှုကြောင့် အပူလွန်ကဲလာရခြင်း ဖြစ်သည်။ ထူးခြားသတင်းဖြစ်သွားသည်။ မိမိတို့ခန္ဓာအိမ်အတွင်းမှာလည်း စိတ်အမှိုက်များ အဆက်မပြတ် ဓာတ်ပြုလောင်ကျွမ်းနေကြသည်။ ထူးခြားဖြစ်ရပ်မှန်းမသိကြ။ ဖယ်ရှားရှင်းလင်းဖြိမ်းရကောင်းမှန်းလည်း မသိကြပါ။ ထို့ကြောင့်လည်း လူသားတွေအပေါ် မဟာကရုဏာတော်ရှင်ဗုဒ္ဓက သမ္မာဒိဋ္ဌိဉာဏ်အသိမရှိသေးသမျှ "ပုထုဇ္ဇနော ဥမ္မတ္တကော" တွေဟု သတိပေးစကားမိန့်ထားခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

အမှိုက်အကြောင်း "ပြောမဆုံးပေါင် တောသုံးတောင်" ရှိချိမ့်မည်။ နယ်ပယ်အသီးသီးအတွင်းအပြင် နေရာအနှံ့တွင် အမှိုက်ဟူသည် ရှိတတ်စမြဲမို့ ဉာဏ်သတိဖြင့် ဆင်ခြင်သိကာ လွတ်လပ်ပေါ့ပါးအမှိုက်တွေကြားမှ ရှန်းထွက်လမ်းမှန် လျှောက်လှမ်းနိုင်ကြပါစေ။ ။

ပြသဆဲ မြန်မာဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဧပြီ ၁၉

ဧပြီ ၁၉ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုံများဖြစ်သည့် သမ္မတ၊ သွင်၊ မင်္ဂလာ (၁)သိမ်ကြီးဈေးရုံတို့တွင် မြန်မာဇာတ်ကားသစ်မဝင်ဘဲ ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ရိုက်ကူးသည့် 'ချစ်တယ်ပြောမှလွှတ်မယ်' ဇာတ်ကားဆက်လက်ပြသမည်ဖြစ်သည်။ ဤဇာတ်ကားတွင် နေတိုး၊ ဝေဠုကျော်၊ ရန်အောင်၊ သက်မွန်မြင့်၊ စိုးမြတ်နန္ဒာ၊ မို့မို့မြင့်အောင်နှင့် မေသဥ္ဇာဦးတို့ ခေါင်းဆောင် ပါဝင်ကြသည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂)၊ မြေနီကုန်းရုံတွင် FLYING SWORDS OF DRAGON GATE ဇာတ်ကား **(ယာပုံ)** ပြသမည်ဖြစ်ပြီး ဤဇာတ်ကားတွင် မြန်မာပရိသတ်အကြိုက် ကွန်ဖူးမင်းသား ဂျက်လီ၏ ကွန်ဖူးသိုင်းပညာပြကွက်များကို စိတ်ဝင်စားဖွယ် ရှုစားရမည်ဖြစ်သည်။

ရွှေဆောင်ရုံတွင် နိုင်ငံတကာရာဇဝတ်ကောင်တစ်ဦးကို နှိမ်နင်းစဉ် လူမှား၍ သုတ်သင်မိသော စီအိုင်အေအဖွဲ့ဝင်နှစ်ဦး၏ဖြစ်ရပ်ကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် THIS MEANS WAR စွန့်စားမှုအသားပေးဇာတ်ကား ပြသမည်ဖြစ်ပြီး နေပြည်တော်ရုံတွင်မူ လူသားချင်းအားကစားပွဲတစ်ရပ်ကဲ့သို့ အသေအကျေသုတ်သင်သည့်တိုက်ပွဲများအကြောင်း ရိုက်ကူးထားသည့် THE HUNGER GAMES ဇာတ်ကြမ်းကားများ ပြသမည်ဖြစ်သည်။

ရှမ်းပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၉

ရှမ်းပြည်နယ် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ညနေ ၅ နာရီတွင် တောင်ကြီးမြို့ရှိ ဗဟိုမဏ္ဍပ်၌ကျင်းပရာ သီချင်းဆိုပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများနှင့် အခြေခံပညာအထက်တန်း (တီးဝိုင်း)ဆုရရှိသူများအား မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်က လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းမှ အဝတ်အစားဖန်တီးမှု ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က လည်းကောင်း၊ မြို့ပေါ်ရပ်ကွက်အဝတ်အစား ဖန်တီးမှု ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား ပြည်နယ်စာရင်းစစ်ချုပ် ဦးသိန်းမြင့်ကလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း အကနည်းပြဆုရရှိသူများအား ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သန်းက လည်းကောင်း၊ မြို့ပေါ်ရပ်ကွက် အကနည်းပြဆုရရှိသူများအား ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က လည်းကောင်း၊ မြို့ပေါ်ရပ်ကွက် (တီးဝိုင်း) ဆုရရှိသူများနှင့် အခြေခံပညာအထက်တန်းကျောင်း(တေးရေးစပ်သူ) ဆုရရှိသူများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြို့ပေါ်ရပ်ကွက် (တေးရေးစပ်သူ) ဆုရရှိသူများအား ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ "ပိတောက်မမ" သက်ကြီးယိမ်း(ဂုဏ်ပြုဆု)နှင့် မြို့ပေါ်ရပ်ကွက် ယိမ်း(ဂုဏ်ပြုဆု)များအား ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံလင်း၊ ပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစိုင်းခမ်းမှတ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့ပေါ်ရပ်ကွက် (သီချင်းသီဆိုသူ) ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ဖြူဖြူညွန့်က လည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့ပေါ်ရပ်ကွက် (ယိမ်း)အက ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ယင်းနောက် ပထမရရှိသည့် အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့ပေါ်ရပ်ကွက် (ယိမ်း)အဖွဲ့များက ဖျော်ဖြေကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းလိုက်ကြောင်း ကြေညာကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် ၁၃၇၃ ခုနှစ် ရှမ်းပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားတွင် ဆုရယိမ်းအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မကွေးတို...
ဒေသဖွံ့ဖြိုးရေး...

နေပြည်တော် ဧပြီ ၁၉

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဧပြီ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ငှက်ကွေးကျေးရွာသို့ သွားရောက်ပြီး ဧပြီ ၁၅ ရက်တွင် မီးလောင်ကျွမ်းမှုကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသော မီးဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ဆီ၊ ဆားနှင့် ထောက်ပံ့ငွေများ၊ ပခုက္ကူခရိုင်အတွင်းမှ ဌာနဆိုင်ရာများ၊ ...

ချမ်းမြမာလာခုံးကျော်တ...
သုံးတန်နှင့်အထက်ယာဉ်မျ...

မန္တလေး ဧပြ...

၁၉၉၀ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် မန္တ... လမ်းနှင့် လမ်း ၈၀ ဆက်သွယ်ပေးသည့် ချမ်းမြ... တည်ဆောက်မှု စံချိန်မမီခြင်းနှင့် တန်ပိုယာ... မောင်းနှင်ခြင်းကြောင့် သံကူကွန်ကရစ်ကြမ်... ဖြစ်ပေါ်ခဲ့သဖြင့် ယာဉ်များဖြတ်သန်းမှု ယာ... ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကြီးစား... မောင်းနှင်သွားလာခွင့်ပြုခဲ့သည်။ **(ယာပုံ)**

ချမ်းမြမာလာခုံးကျော်တံတား ရေရှည်... ယာဉ်များဖြတ်သန်းခွင့်မပြုဘဲ ယာဉ်ကြောပြေ... စီစီတီဗွီကင်မရာများ တပ်ဆင်ထားပြီး မှတ်သ... စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသ...

သာဓု အနုမောဒနာ ခေါ်ဆိုပါသည်

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့တွင် မြို့ကျက်သရေဆောင်ဖြစ်သော အတုလဗုဒ္ဓမဟာစွယ်တော်မြတ်ပွဲတော်ကြီးကို ၁၃၇၃ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၄ ရက်အထိ ၉ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပခဲ့သည်။

ထူးထူးခြားခြား ယခုနှစ် (၈၃)ကြိမ်မြောက် အတုလဗုဒ္ဓမဟာစွယ်တော်မြတ်ပွဲတော်ကြီးသည် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းပေးနေသည့် ပြုပြင်ပြောင်းလဲမှုကာလ၌ ပူဇော်ကျင်းပသော ပွဲတော်ကြီးလည်း ဖြစ်သည်။

ယခင်နှစ်ကျင်းပသည့် မြတ်စွယ်တော်ဘုရားပွဲတော်ကြီးတွင် နှစ်လုံး၊ သုံးလုံး၊ အရက်ပုန်းနှင့် အနီထောင် စသည့် မူးယစ်သောက်စား၊ လောင်းကစားမှုများ လွှမ်းမိုးပြီး မြတ်စွာဘုရားရှင် တားမြစ်တော်မူခဲ့သော သုရာမေရယကံကို ကျူးလွန်ကြလျက် ဘာသာရေးအနှစ်သာရမပြည့်ဝဘဲ ဆွမ်းဆန်ထဲ ကြွက်ချေးရောသည့် အဖြစ်မျိုး ဖြစ်ခဲ့ရသည်။

ယခုနှစ် နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပူဇော်ကျင်းပသော မြတ်စွယ်တော်ဘုရားပွဲတော်မှာ မူးယစ်သောက်စား၊ လောင်းကစားမှုများ လုံးဝမရှိသလောက်ဖြစ်ခဲ့ရသည်ကို ထူးထူးခြားခြား တွေ့မြင်ခဲ့ရသဖြင့် မြို့ခံရဟန်းရှင်လူ၊ ပြည်သူအပေါင်းတို့ နှစ်ထောင်းအားရ ဝမ်းသာပီတိဖြစ်ကြကာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြရသည်။

ယခုနှစ် မြတ်စွယ်တော်ဘုရားပွဲတော်တွင် နှစ်လုံး၊ သုံးလုံး၊ အရက်ပုန်းနှင့် အနီထောင် စသည့် မူးယစ်သောက်စား၊ လောင်းကစားမှုများ ကင်းစင်ရေးကို မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများနှင့် ဂေါပကလူကြီးများ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

ဂေါပကလူကြီးများမှာ ဆိုင်ခန်းနေရာရောင်းချစဉ်ကပင် အရက်ပုန်းဆိုင်များ လုံးဝရောင်းချခွင့်မပြုကြောင်းနှင့် ယခင်နှစ်များက အရက်ပုန်းဆိုင်ဖွင့်လှစ်ရောင်းချခဲ့ဖူးသူများကိုလည်း အရက်ပုန်းဆိုင်မဖွင့်ရန် ကတိကဝတ်ပြုဝန်ခံချက်များရေးထိုးပြီးမှ ရောင်းချပေးခဲ့သည်။

ထို့အတူ နှစ်လုံး၊ သုံးလုံး၊ အရက်ပုန်းနှင့် အနီထောင် စသည်များ မပြုလုပ်နိုင်ရန် အချိန်ပြည့်လှည့်ကင်းများ လှည့်လည်စစ်ဆေးစေကာ ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ကြောင့် ယခုနှစ် မြတ်စွယ်တော်ဘုရားပွဲတော်ကြီးတွင် ယခင်နှစ်များနှင့်မတူ မူးယစ်သောက်စား၍ ခိုက်ရန်ဖြစ်ပွားမှုများနှင့် ပွဲကြည့်ပရိသတ်များကို အနှောင့်အယှက်ဖြစ်စေသော အမူးလွန်ကာ ဇာတ်ခုံအောက်တွင် အော်ဟစ်ဆူညံကခုန်မှုများ မရှိသလောက် ကင်းရှင်းခဲ့သည်။

သို့ပါ၍ နောင်နှစ်များတွင် ကျင်းပပြုလုပ်မည့် မြတ်စွယ်တော်ဘုရားပွဲတော်ကြီးကို ယခုနှစ်ကဲ့သို့ပင် မူးယစ်သောက်စား၊ လောင်းကစားမှုများ ကင်းစင်၍ ဘာသာရေးအနှစ်သာရ ပြည့်ဝသော ဗုဒ္ဓပူဇနိယပွဲတော်ကြီးဖြစ်နိုင်စေရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် ဂေါပကလူကြီးများက ဆတက်ထမ်းပိုးတိုး၍ ကြပ်မတ်ဆောင်ရွက်ပေးစေချင်ကြောင်းနှင့် ဘုရားပွဲတော်ရက်မဟုတ်သည့် ကျန်ရက်များတွင်လည်း မူယစ်သောက်စား၊ လောင်းကစားမှုများ ကင်းစင်နိုင်သမျှ ကင်းစင်နိုင်စေရန် သက်ဆိုင်ရာမှ ဆတက်ထမ်းပိုးတိုး၍ ကြပ်မတ်ဆောင်ရွက်ပေးစေချင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

မောင်ပြုပြင်(ကျုံမငေး)

ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ပထမအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် သက်ကြီးပူဇော်ပွဲ ခရမ်း၌ကျင်းပ

ရန်ကုန် ဧပြီ ၁၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဖြူဟ္မစိုရ်ခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်နှင့် ဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများက အဘိုး၊ အဘွား ၂၁ ဦးတို့အား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

❋ ကျော်ဖုံးမှ

တက္ကသိုလ်မှ သုတေသနပညာရှင် ပက်ထရစ်မော့စ်က တက္ကသိုလ်ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားထားသည်။

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု အမြင့်ဆုံးနှုန်းမှာ ၁၉၁၀ ခုနှစ်များတွင် ဖြစ်ပေါ်ခဲ့ပြီး ဒုတိယအမြင့်ဆုံးနှုန်းမှာ ၁၉၉၀ ခုနှစ်များတွင် ဖြစ်ပေါ်ခဲ့သည်။

၁၉၁၀ ခုနှစ်များက မြင့်တက်မှုသည် မြောက်ကမ္ဘာခြမ်းတွင် ယနေ့ခေတ်ကာလထက် အပူချိန်တစ်မှ နှစ်ဒီ ဂရီခန့် ပိုအေးခဲ့သည့်အချိန် ရေခဲခေတ်ငယ်တစ်ခု၏ အဆုံးသတ်တန်ပြန်သက်ရောက်မှုဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။

၁၉၉၀ ခုနှစ်များက ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းသည် လူတို့၏ ပယောဂကြောင့် ရာသီဥတုပြောင်းလဲမှု၏ လက္ခဏာရပ်ဖြစ်ဖွယ်ရှိသည်ဟု ဆိုသည်။ အင်တာနက်။

❖ X Factor မှ

နုတ်ထွက်သွားကြပြီးနောက် လစ်လပ်နေသော အကဲဖြတ်ဒိုင်လူကြီးနေရာများကို ပြန်လည်အစားထိုးရန် လိုအပ်လျက်ရှိပြီး ဒိုင်လူကြီးတစ်နေရာကို ဘရစ်တနီစပီးယားနှင့် ပြန်လည်အစားထိုးနိုင်ရန် ယုံကြည်မျှော်လင့်လျက်ရှိသည်။

ဆိုင်မွန်းကိုဝဲလ်က မိမိအနေဖြင့် ဘရစ်တနီစပီးယားနှင့် တွေ့ဆုံဆွေးနွေးမှုအသေးစိတ်ကို ထုတ်ဖော်ပြောကြားလိုခြင်းမရှိကြောင်း၊ သို့သော် ဘရစ်တနီစပီးယား၏ တာဝန်ရှိသူများထံမှ ရက်သတ္တပတ်အတွင်း အကြောင်းပြန်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

မိမိအနေဖြင့် ဘရစ်တနီစပီးယားကို ယင်းပြိုင်ပွဲ၌ ပါဝင်စေလိုသည့် ဆန္ဒရှိပြီး ပြိုင်ပွဲကို ပိုမိုအသက်ဝင်လာအောင် ညှို့ယူဖမ်းစားနိုင်မည့် သူတစ်ဦးအဖြစ် ထင်မြင်ယူဆကြောင်း ဆိုင်မွန်းကိုဝဲလ်က ဆက်လက်ပြောကြားသည်။

၎င်းတို့၏ ဆွေးနွေးညှိနှိုင်းမှုတွင် ငွေရေးကြေးရေးက အဓိကမကျဘဲ ဘရစ်တနီစပီးယားကို ပထမရာသီအတွက် အမေရိကန်ဒေါ်လာ ၁၂ သန်းမှ ၁၅ သန်းထိ ပေးရန် ရည်ရွယ်ထားပြီး ဆိုင်မွန်းကိုဝဲလ်က အနည်းဆုံး နှစ်နှစ်ပါဝင်အကဲဖြတ် ဆောင်ရွက်ပေးစေလိုသည်။ ဘရစ်တနီစပီးယားကမူ တစ်နှစ်အကဲဖြတ် ဆောင်ရွက်ပေးပြီးမှသာ နောက်တစ်နှစ်အတွက် ဆက်လက်ညှိနှိုင်းလိုသည့် ဆန္ဒရှိသူဖြစ်သည်။ အင်တာနက်။

❍ အန္တာတိကတိုက်မှ

တရုတ်နိုင်ငံသည် အန္တာတိက ကုန်းမြင့်ဒေသရှိ လိပ်ခုံး-အေ ဟု အမည်ပေးထားသောစခန်းတွင် ၂၀၀၈ ခုနှစ် ဇန်နဝါရီလက အဝေးကြည့် မှန်ပြောင်းတစ်လုံးကို တပ်ဆင်ခဲ့သည်။

တရုတ်နိုင်ငံသည် အန္တာတိက ဒေသ၌ သိပ္ပံရေးရာစူးစမ်းလေ့လာရေး လုပ်ငန်းကို လုပ်ကိုင်ရာတွင် အခြားနိုင်ငံများထက် နောက်ကျခဲ့သော်လည်း တိုးတက်မှုများ ရရှိနေကြောင်း လီကျန်ယန်းက ပြောကြားခဲ့သည်။ အင်တာနက်။

ဒိုင်လူကြီး လုပ်ရန် ဆွေးနွေး နေသည့် ဘရစ်တနီ စပီးယား။

ကားဘရိတ်ပေါက်ချောက်ထဲကျ လူ ၁၀ ဦး သေဆုံး

မန္တလေး ဧပြီ ၁၉

မိုးကုတ်-မိုင်းလုံ-ကျောက်မဲသို့ ပြေးဆွဲနေသော ပတ္တမြားမြေမော်တော်ယာဉ်အသင်းမှ ယာဉ်မောင်း မောင်မျိုး (ခ)လှမျိုးအောင် (၄၅)နှစ် မောင်းနှင်လာသော ဒိုင်နာ (၈က/.....)သည် ဧပြီ ၆ရက် နံနက် ၁၀နာရီခွဲတွင် ကျောက်တံလုံးကျေးရွာအနီး မိုင်တိုင်အမှတ် (၁၁/၄)အရောက်တွင် ကားဘရိတ်ပေါက်ပြီး ကားလမ်းဘေး ၂၂ပေခန့်အနက်ရှိ ချောက်ထဲသို့ ထိုးကျသွားသဖြင့် ယာဉ်ပေါ်ပါခရီးသည် အမျိုးသားလေးဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၀ ဦးမှာ အချင်းဖြစ်နေရာတွင် ဆန်အိတ်များပိ၍ သေဆုံးသွားခဲ့သည်။ အမျိုးသား ငါးဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ရှစ်ဦးမှာ ဒဏ်ရာရရှိ၍ မိုးကုတ်ခုတင် (၁၀၀)ဆေးရုံသို့ အတွင်းလူနာအဖြစ်ပို့ဆောင် ဆေးကုသမှုခံယူလျက်ရှိသည်။ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ မိုးကုတ်ရဲစခန်းက ယာဉ်မောင်းအား အမှုဖွင့်အရေးယူထား ကြောင်းသိရသည်။ (သီဟ)

ခရီးသည်တင်ယာဉ်များ အပြိုင်မောင်း အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

မန္တလေး ဧပြီ ၁၉

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၈၄ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြား မန်းမြို့ဈေးအနီးတွင် ဧပြီ ၇ ရက် ည ၇ နာရီခွဲခန့်က ခရီးသည်တင် ဒိုင်နာယာဉ်တစ်စီး တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ၈၄ လမ်းပေါ် မြောက်မှတောင်သို့ ခရီးသည်များ တင်ဆောင်လာသော စစ်မန်းဧရာမော်တော်ယာဉ်အသင်းမှ ဒိုင်နာ အမျိုးအစား ၁က/----ယာဉ်သည် အခြားခရီးသည်တင်ယာဉ်တစ်စီးနှင့် အပြိုင်မောင်းနှင်လာရာ ၃၈ လမ်းနှင့် ၃၉ လမ်းကြား ယာဉ်ကြောရှေ့မှ ဆိုင်ကယ်နှစ်စီးအားရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။

တိမ်းမှောက်သွားသော ဒိုင်နာယာဉ်၏အရှေ့ယာဉ်ကြောရှိ ဆိုယ်ကယ်နှစ်စီးမှ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦး၊ ဒိုင်နာယာဉ်ပေါ်မှ ခရီးသည် ငါးဦး စုစုပေါင်း ရှစ်ဦး ဒဏ်ရာရခဲ့ပြီး လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ်တစ်စီးမှာ ဒိုင်နာယာဉ်၏ အောက်သို့ရောက်ရှိကာ ပျက်စီးသွားခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ သက်နိုင်ဦး (င)ရပ်ကွက် ရတနာပုံမြို့သစ် ပြည်ကြီးတံခွန်မြို့နယ် နေသူအား အမှတ်(၇) ရဲစခန်းက (ပ)၁၆၀/၂၀၁၂ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇၉၊ ၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (ကိုကို)

တစ်သက်ပေ...

ကမ္ဘာလူဦးရေသည် တစ်နှစ်ထက် တစ်နှစ် မှန်မှန်ကြီးနှစ်စဉ်တိုးတက်လျက်ရှိရာ ယနေ့ခေတ်တွင် လူဦးရေ သန်းပေါင်း ၆၀၀၀ ကျော်ခဲ့လေပြီ။ ထိုသို့ကမ္ဘာလူဦးရေက မှန်မှန်ကြီး တိုးတက်နေသော်လည်း အခြားတစ်ဖက်တွင် လူသားများနေထိုင်ရန် အတွက် အိမ်ရာမြေများတိုးချဲ့ဆောက်လုပ်လာခြင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာ ခြင်း၊ သစ်တောထွက်ပစ္စည်းများကို အခြေခံ၍ စီးပွားရေးအသုံးချမှုများ များပြားလာခြင်းနှင့် စည်းကမ်းမဲ့သစ်ခုတ်သူများကြောင့် သစ်တောများ လျော့နည်းဖြုန်းတီးလာရသည်။ ထိုအခါ သစ်ပင်သစ်တောများပေါ်တွင် မှီသောရာသီဥတုသည်လည်း ပြောင်းလွဲလျက်ရှိရာ နှင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဲ့ မိုးရွာသွန်းခြင်းနှင့် အပူရှိန်လွန်ကဲ ခြင်းစသည်ဖြင့် ဖောက်လွဲဖောက်ပြန်ဖြစ်လာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်လာရသည်။

မြန်မာနိုင်ငံ၏ စာရင်းဇယား ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းသည့်ဧရိယာသည် ၁၉၉၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး၏ ၅၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းသို့ လျော့နည်းလာခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည်သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးအတွက် စွမ်းအားပြည့်လုပ်ဆောင်လျက်ရှိရာ သစ်တောများ ပြန်လည်စိုက်ပျိုးရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပါ စည်းရုံး၍ လုပ်ဆောင်လျက်ရှိပေသည်။ သို့သော် ပုဂ္ဂလိကလုပ်ငန်းရှင်တချို့တွင် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျွမ်းကျင်မှုမရှိသဖြင့် သစ်ပင်စိုက်ပျိုးရာတွင် အခက်အခဲများနှင့် ရင်ဆိုင်လုပ်ကိုင်နေကြရသည်။

ရှေးလူကြီးသူများက တစ်လ ပျော်ချင်လျှင် အိမ်ထောင်ပြုပါ

လျှပ်စစ်ဓာတ်အားသုံးလျှင် သတိယူဉ်

ရန်ကုန် ဧပြီ ၁၉

လျှပ်စစ်ဓာတ်အားကို အချိန်ဖြင့် ပေးဝေဖြန့်ဖြူးနေသည့်အတွက် လျှပ်စစ်ဓာတ်အား ပြတ်တောက်စဉ် မိမိ အသုံးပြုနေသည့် လျှပ်စစ်ပစ္စည်းကိရိယာများဖြစ်သော မီးဖို၊ မီးပူ၊ ထမင်း/ဟင်းချက် ကိရိယာများကို မပိတ်မိသည့်အတွက် လျှပ်စစ်ဓာတ်အား ပြန်ဝင်ချိန်တွင် အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားလျက်ရှိသည်။

သို့ဖြစ်၍ လျှပ်စစ်ဓာတ်အား ပြတ်တောက်ချိန်တွင် အသုံးပြုသော လျှပ်စစ်ပစ္စည်းများအား သေချာစွာ ပိတ်ထားကြရန်နှင့် မီးဘေး လုံခြုံရေးအတွက် သတိရှိကြပါရန် မီးသတ်ဦးစီးဌာနက နှိုးဆော်တိုက်တွန်းထားသည်။ (သတင်းစဉ်)

အတည်ပြုချိန် -

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၉

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ဧပြီ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ငှက်ကွေးကျေးရွာသို့ သွားရောက်ပြီး ဧပြီ ၁၅ ရက်တွင် မီးလောင်ကျွမ်းမှုကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်သွားသော မီးဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆန်၊ ဆီ၊ ဆားနှင့် ထောက်ပံ့ငွေများ၊ ပခုက္ကူခရိုင်အတွင်းမှ ဌာနဆိုင်ရာများ၊ အလှူရှင်များက မီးဘေးသင့်နေအိမ်များ ပြန်လည်ဆောက်လုပ်ရန် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မီးသတ်ဦးစီးဌာနနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ မီးလောင်ပြင် ရှင်းလင်းနေမှု၊ နေအိမ်များ ပြန်လည်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မင်းဘူးခရိုင် စလင်းမြို့နယ်ရှိ စလင်းတမံကို ကြည့်ရှုစစ်ဆေးပြီး ပွင့်ဖြူမြို့နယ် မဲဇလီဆည်ရေ သောက်ဆည်တော်မြောင်းတစ်လျှောက်နှင့် နွေစပါးထွန်တုံးပိတ် စိုက်ပျိုးပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မင်းဘူးခရိုင်တွင် ၂၀၁၁-၂၀၁၂ နွေစပါးစိုက်ပျိုးရာသီ၌ မဲဇလီဆည်ရေသောက်မှ ၆၅၉၇၄ ဧက လျာထားခဲ့ရာ ယနေ့အထိ ထွန်တုံးပိတ်စိုက်ဧက ၆၆၁၀၄ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် စိုက်ပျိုးပြီးနွေစပါးများမှာလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၄-၂၀၁၂ (သောကြာနေ့)

၁၃၇၄ ခုနှစ်၊ တန်ခူးလကွယ်(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ပရိတ်တရားတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၈း၀၀ ၃။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၂၀ ၄။ တေးဂီတအစီအစဉ်
- ၈း၃၅ ၅။ International News

ညပိုင်း

- ၄း၃၀ ၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၅၀ ၂။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၅း၀၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၆း၀၀ ၄။ ညနေခင်းသတင်း
- ၆း၁၅ ၅။ မိုးလေဝသအခြေအနေ
- ၆း၅၅ ၆။ "ပေါင်းစည်းချစ်ကြည် မဲခေါင်မြစ်နဒီ"
- ၇း၃၀ ၇။ "ကြည်ညိုမကုန်အံ့ဖွယ်စုံ လေးဆူဓာတ်ပုံရွှေတိဂုံ"
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ" (အပိုင်း-၂၃)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဧပြီ ၁၉

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၄ ရက် နံနက် ၉ နာရီတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားပြီး ရွာငံမြို့နယ် မြို့ကြီးကျေးရွာအုပ်စု ပျက်စီးမှုများ၊ နန်းခုံကျေးရွာအုပ်စု၌ ပျက်စီးခဲ့သော အိမ်ထောင်စု ခုနစ်စုနှင့် မြို့ကြီးကျေးရွာအုပ်စု အိမ်ထောင်စု ၆၆ စုတို့အတွက်လည်းကောင်း၊ ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာနှင့် သိမ်ကုန်းကျေးရွာ ပျက်စီးမှုများ၊ ပြည်သူ့ဆေးရုံ ထိခိုက်ပျက်စီးမှုများနှင့် ငှက်ပျောတောရပ်ကွက်မှ အိမ်ထောင်စု ငါးစုတို့အတွက် လည်းကောင်း ထောက်ပံ့ငွေကျပ် ၄၃၅၀၀၀၀ ကို ပေးအပ်သည်။

ယင်းနောက် လေဘေးသင့်ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချမ်းမြမာလာခုံးကျော်တံတား ပြုပြင်ပြီးစီး သုံးတန်နှင့်အထက်ယာဉ်များ ဖြတ်သန်းခွင့်မပြု

မန္တလေး ဧပြီ ၁၉

၁၉၉၀ ခုနှစ်က ဖွင့်လှစ်ခဲ့သည့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်းနှင့် လမ်း ၈၀ ဆက်သွယ်ပေးသည့် ချမ်းမြမာလာမီးရထားခုံးကျော်တံတားသည် တည်ဆောက်မှု စံချိန်မမီခြင်းနှင့် တန်ပိုယာဉ်ကြီးများ ညအချိန်ခိုးဝင်ဖြတ်ကျော်မောင်းနှင်ခြင်းကြောင့် သံကူကွန်ကရစ်ကြမ်းပြင်များ ပေါက်ခြင်း၊ အက်ခြင်းများဖြစ်ပေါ်ခဲ့သဖြင့် ယာဉ်များဖြတ်သန်းမှု ယာယီပိတ်ထားခဲ့သည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကြီးစားပြုပြင်ခဲ့ပြီး ဧပြီ ၁ ရက်မှစ၍ ယာဉ်များ မောင်းနှင်သွားလာခွင့်ပြုခဲ့သည်။ **(ယာပုံ)**

ချမ်းမြမာလာခုံးကျော်တံတား ရေရှည်ကြံ့ခိုင်ရေးအတွက် သုံးတန်အထက်ယာဉ်များဖြတ်သန်းခွင့်မပြုဘဲ ယာဉ်ကြောပြောင်းပြန်တက်သည့် ယာဉ်များကိုလည်း စီစီတီဗွီကင်မရာများ တပ်ဆင်ထားပြီး မှတ်သားဖမ်းဆီးကာ ဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

(၆၅၃)

ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးမည်

ထားဝယ် ဧပြီ ၁၉

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများ၏ တရားစီရင်ရေးကို အများပြည်သူ ယုံကြည်ကိုးစားလာရေး၊ သန့်ရှင်းသော တရားစီရင်ရေးတို့ ဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အမှုများကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ဆုံးဖြတ်ပေးမည်။ တရားရုံးဆိုင်ရာလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ပေးမည်။ လာဘ်ငွေပေးဖို့မလိုပါ။ လာဘ်ငွေတောင်းခံလာပါက တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဖုန်း-၀၅၉-၂၃၆၅၇၊ ဖက်စ်-၀၅၉-၂၃၄၉၈ ထံ တိုင်ကြားပါ စသည့် အချက်များပါရှိသော ကြော်ငြာစာများကို အများပြည်သူများ သိရှိနိုင်ရန် တိုင်းဒေသကြီးတရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများ အသီးသီးရှိ တရားခွင်များ၊ ရုံးအမှု ထမ်းရုံးခန်းများနှင့် အများမြင်သာသည့် နေရာများတွင် ကပ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။ (၄၇၃)

တစ်သက်ပျော်ချင်လျှင်

ကမ္ဘာလူဦးရေသည် တစ်နှစ်ထက်တစ်နှစ် မှန်မှန်ကြီးနှစ်စဉ်တိုးတက်လျက်ရှိရာ ယနေ့ခေတ်တွင် လူဦးရေသန်းပေါင်း ၆၀၀၀ ကျော်ခဲ့လေပြီ။ ထိုသို့ကမ္ဘာလူဦးရေက မှန်မှန်ကြီးတိုးတက်နေသော်လည်း အခြားတစ်ဖက်တွင် လူသားများနေထိုင်ရန်အတွက် အိမ်ရာမြေများတိုးချဲ့ဆောက်လုပ်လာခြင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာ ခြင်း၊ သစ်တောထွက်ပစ္စည်းများကို အခြေခံ၍ စီးပွားရေးအသုံးချမှုများ များပြားလာခြင်းနှင့် စည်းကမ်းမဲ့သစ်ခုတ်သူများကြောင့် သစ်တောများ လျော့နည်းဖြုန်းတီးလာရသည်။ ထိုအခါ သစ်ပင်သစ်တောများပေါ်တွင် မှီသောရာသီဥတုသည်လည်း ပြောင်းလွဲလျက်ရှိရာ နှင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဲ့ မိုးရွာသွန်းခြင်းနှင့် အပူရှိန်လွန်ကဲ ခြင်းစသည်ဖြင့် ဖောက်လွဲဖောက်ပြန်ဖြစ်လာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်လာရသည်။

မြန်မာနိုင်ငံ၏ စာရင်းဇယားထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းသည့်ဧရိယာသည် ၁၉၉၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံး၏ ၅၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းသို့ လျော့နည်းလာခဲ့ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည်သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးအတွက် စွမ်းအားပြည့်လုပ်ဆောင်လျက်ရှိရာ သစ်တောများပြန်လည်စိုက်ပျိုးရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုပါ စည်းရုံး၍ လုပ်ဆောင်လျက်ရှိပေသည်။ သို့သော် ပုဂ္ဂလိကလုပ်ငန်းရှင်တချို့တွင် စိုက်ပျိုးရေးလုပ်ငန်းတွင် ကျွမ်းကျင်မှုမရှိသဖြင့် သစ်ပင်စိုက်ပျိုးရာတွင် အခက်အခဲများနှင့် ရင်ဆိုင်လုပ်ကိုင်နေကြရသည်။

ရှေးလူကြီးသူများက တစ်လပျော်ချင်လျှင် အိမ်ထောင်ပြုပါ တစ်သက်ပျော်ချင်လျှင် သစ်ပင်စိုက်ပါဟူ၍ ဆိုထားခဲ့ရာ စာရေးသူသည် သစ်ပင်စိုက်ပျိုးရေးကို ဝါသနာပါသည့်အလျောက် ပုဂ္ဂလိကသစ်တော

ပြုစုပျိုးထောင်၍ အောင်မြင်နေသော ပျိုးပင်များကို သင်တန်းမှူး ဦးစိုးအောင်သန်း ရှင်းလင်း ပြသစဉ်။

စိုက်ခင်းလုပ်ငန်းကို တည်ထောင်လုပ်ကိုင်ခဲ့ရာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်သော ဗဟုသုတများ အားနည်းမှုကြောင့် မျှော်မှန်းထားသကဲ့သို့ အောင်မြင်မှုများမရရှိခဲ့ပေ။

ထို့ကြောင့် ထိုကွက်လပ်ကို ဖြည့်ဆည်းရန်အတွက် ၅-၃-၂၀၁၂ ရက်နေ့တွင် မှော်ဘီမြို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန၏ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးဌာနတွင် ဖွင့်လှစ်နေသော သစ်တောစိုက်ခင်းတည်ထောင်ခြင်းနည်းစနစ်များဆိုင်ရာ သင်တန်းအမှတ်စဉ်(၄၉)သို့ သစ်တောဝန်ထမ်းများနှင့် အတူတက်ရောက်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သစ်တောရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရှိ သစ်ပင် သစ်တောများ အကြောင်း၊ သစ်ပင်များရှိခြင်း၊ မရှိခြင်း၏ကောင်းကျိုး ဆိုးပြစ်များကို နှိုင်းယှဉ်လျက် သစ်ပင်စိုက်ပျိုးရေးဟု အလွယ်တကူဆိုလိုက်သော်လည်း အမှန်တကယ်တွင်မူ သစ်စေ့မှ ရှင်သန်ပေါက်မြောက်အောင် ပြုစုပျိုးထောင်ပြီး သစ်ပင်သစ်တောများဖြစ်လာသည်အထိ စိုက်ပျိုးရသည်မှာ လွယ်ကူသောလုပ်ငန်းမဟုတ်၍ တာဝန်ကြီးမားကြောင်းနှင့်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ➤ ဒေါက်တာခင်ရွှေ

အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဤကဲ့သို့သော သင်တန်းများကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မှာကြားခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းကို ကိုယ်တိုင်လုပ်ကိုင်နေသူမို့ နားလည်သဘောပေါက်မိပေသည်။

လက်တွေ့တွင်လည်း သစ်တစ်ပင်စိုက်ရသည်မှာ လွယ်ကူသော်လည်း ကျန်းမာသန်စွမ်းပြီး ကြီးပြင်းအောင်ပြုစုပျိုးထောင်ရသည်မှာ မလွယ်ကူလှပေ။ မိခင်သည် သားငယ်ကို အရိပ်တကြည့်ကြည့်နှင့် ကြည့်နေရသကဲ့သို့ ပျိုးပင်ငယ်များကိုလည်း ဂရုစိုက်နိုင်မှ တော်ကာကျပေမည်။ ဤသို့အောင်မြင်သန်စွမ်းသော သစ်တစ်ပင်ဖြစ်ရန် မလွယ်ကူဟုဆိုလျှင် သစ်ပင်များကို ပြုစုပျိုးထောင်ရသည့်အခါ ပို၍ပင် ခက်ခဲလှပေသည်။ ဤအချက်ကို ပုဂ္ဂလိကစိုက်ခင်းလုပ်ငန်းရှင်များ၏ စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်မှုများက သက်သေခံလျက်ရှိသည်ကိုတွေ့ရသည်။

အထက်ပါ သစ်တော စိုက်ခင်းတည်ထောင်ခြင်းနည်းစနစ်များဆိုင်ရာ သင်တန်းသို့ တက်ရောက်နေစဉ်အတွင်း သင်တန်းမှပို့ချသော စိုက်ခင်းမြေနေရာနှင့် သစ်စေ့ရွေးချယ်ခြင်း၊

ကွန်းပင် ကိုင်းကူး ကိုင်းဆက်နည်းကို ပြသစဉ်။

ပျိုးဥယျာဉ်စနစ်တကျတည်ထောင်ခြင်း၊ သစ်စေ့စုဆောင်ခြင်းနှင့် ပျိုးထောင်ခြင်း၊ ဇီဝဓာတ်မြေဩဇာ ပြုလုပ်သုံးစွဲခြင်း စသည်တို့ကို အသေးစိတ် သိလာရသည့်အခါ ယခင်ကသဘာဝအတိုင်းပျိုးသော်လည်း ပေါက်သည့်အခါပေါက်ပြီး မပေါက်သည့် အခါမပေါက် သည့်မျိုးစေ့များ၏ လိုအပ်ချက်များကို သိရှိလာရသည်။ ပျိုးထောင်ပြီးအပင်များ ရွှေ့ပြောင်းစိုက်ပျိုးရာတွင် သတိပြုရမည့် အချက်များ၊ စိုက်ပျိုးပြီးသွားသော်လည်း မကြာခင်သေဆုံးသွားရသည့် အချက်အလက်များကို နားလည်လာရသည်။ ထို့အပြင် ဒေသစုံမှ သစ်တောဝန်ထမ်းများ၏ စိုက်ပျိုးရေး အတွေ့အကြုံများ ဖလှယ်ခွင့်ရခဲ့သည်မှာလည်း စိုက်ပျိုးရေးသမားများအတွက် တန်ဖိုးမဖြတ်နိုင်သော အရာများပင်ဖြစ်သည်။

ထို့ကြောင့် ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းရှင်များအနေဖြင့် သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် နည်းစနစ်များဆိုင်ရာ စိုက်ပျိုးရေးသင်တန်းသို့ မပျက်မကွက် တက်ရောက်ခြင်းဖြင့် စိုက်ပျိုးရေးနည်းစနစ်များကို သိရှိနားလည်ကာ သစ်တောစိုက်ခင်းများကို စနစ်တကျ စီမံအုပ်ချုပ်နိုင်ပြီး နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သစ်တောဖုံးလွှမ်းသော ဧရိယာများပြန်လည်တိုးတက်အောင် ဆောင်ရွက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခြင်းဖြင့် တစ်သက်တာပျော်ရွှင်နိုင်မှုရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြရင်း မကြာခင်ရောက်ရှိလာတော့မည့် မြန်မာ သစ်ပင်စိုက်ပျိုးရေးလကို ဂုဏ်ပြုကြိုဆိုလိုက်ရပေသည်။ ။

ကြီးထွားအောင်မြင်နေသော မဟော်ဂနီပျိုးပင်များ။

မြန်မာလူငယ်ဘောလုံးအသင်း တောင်ကိုရီးယားတွင် K-league ကလပ်များနှင့် ခြေစမ်းရန် သွားရောက်

တောင်ကိုရီးယားနိုင်ငံ မို့ခ်ပိုမြို့သို့ ရောက်ရှိနေသော ပဏာမ မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းသည် ဒေသခံကလပ်အချို့နှင့် ခြေစမ်းပွဲ ငါးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး Mokpo International Football Center တွင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း မြန်မာအသင်းနှင့်အတူ လိုက်ပါသွားသည့် အသင်းအတွင်းရေးမှူး ဦးစိုးမိုးကျော်က သတင်းပေးပို့ခဲ့သည်။

မြန်မာလူငယ်အသင်းသည် ပြီးခဲ့သည့် ဧပြီ ၁၇ ရက်က ရန်ကုန်လေဆိပ်မှ ထွက်ခွာသွားခဲ့ပြီး ကိုရီးယားနိုင်ငံ အင်ချွန်မြို့သို့ ဧပြီ ၁၈ ရက် နံနက် ၆ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး ယင်းမှ လေ့ကျင့်ရေးအစီအစဉ်များပြုလုပ်မည့် မို့ခ်ပိုမြို့သို့ ၅ နာရီခွဲကြာ ကားဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲဝန်းကျင်တွင် ရောက်ရှိခဲ့သည်။ မြန်မာလူငယ်အသင်း လေ့ကျင့်မှုများ ပြုလုပ်မည့် Mokpo International Football Center သည် မြို့နှင့် နှစ်မိုင်ခွဲမျှသာ ဝေးပြီး တောင်ပတ်လည် ဝန်းရံလျက်ရှိကာ အေးချမ်းစွာ လေ့ကျင့်မှုကောင်းကောင်း ပြုလုပ်နိုင်သော နေရာဖြစ်ကြောင်း သိရသည်။

Mokpo International Football Center သည် မြက်ခင်းတု လေ့ကျင့်ရေးကွင်းနှစ်ကွင်းနှင့် ပရိသတ် ၈၀၀၀ ဆံ့ ပွဲကြည့်စင်ပါ ကွင်းတစ်ကွင်း အပါအဝင် စုစုပေါင်း လေ့ကျင့်ရေးကွင်း ကိုးကွင်းရှိပြီး တည်းခိုစရာနေရာနှင့် Facilities ကောင်းမွန်စွာရှိသော အဆင့်မီလေ့ကျင့်ရေးစင်တာတစ်ခုဖြစ်သည်။

မြန်မာလူငယ်အသင်းသည် ပျမ်းမျှ 13 ˚C မှ 18 ˚C အတွင်း အပူချိန်ရှိသော အထက်ပါလေ့ကျင့်ရေးကွင်းတွင် နေ့စဉ် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး **(အပေါ်ပုံ)** ဧပြီ ၂၁ ရက်မှစတင်ကာ ခြေစမ်းပွဲ ငါးပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာအသင်းနည်းပြချုပ် ပက်ဆောင်ဟွာ စီစဉ်ထားသော ခြေစမ်းပွဲများတွင် ကိုရီးယား ကေ-လိဂ် အင်အားကြီးအသင်းတစ်သင်းဖြစ်သည့် ဂွမ်ဂျူးအက်ဖ်စီအသင်း၊ ကေ-လိဂ် ဒုတိယတန်းမှ မို့ခ်ပိုအသင်းနှင့် တက္ကသိုလ်အသင်းတစ်သင်းဖြစ်သည့် ဟာနန်းယူနီဗာစီတီအသင်းတို့ ပါဝင်ကြသည်။

ဂွမ်ဂျူးအက်ဖ်စီအသင်းသည် ယခုနှစ် ကေ-လိဂ်ရာသီတွင် အဆင့်ခြောက်နေရာသို့ ရောက်ရှိနေပြီး ဘရာဇီးကစားသမားနှစ်ဦး၊ မွန်တီနီဂရိုး လူငယ်လက်ရွေးစင်ဟောင်းတစ်ဦးနှင့် ကိုရီးယားလက်ရွေးစင်အချို့ ပါဝင်ကစားလျက်ရှိသော အသင်းကောင်းတစ်သင်းဖြစ်သည်။

သတင်းမှတ်စု

ဇော်မင်းအောင်(၁၀၇)

ပြည်သူ့ထံမှ ပေးစာများ

စည်းကမ်းမဲ့ လမ်းဘေးဈေးသည်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၂)ရပ်ကွက် မဟာဗန္ဓုလ ပန်းခြံလမ်း(အလယ်)နှင့် အနော်ရထာလမ်းထိပ်တွင် ထမင်းဆိုင်များ၊ အကင်ဆိုင်များ၊ အအေးဆိုင်များ၊ အကြော်ဆိုင်များ၊ လမ်းဘေးဈေးသည်များ နေ့/ညပိတ်ဆို့ဖွင့်လှစ်ရောင်းချနေပါသဖြင့် မြို့တော်အင်္ဂါရပ်နှင့်မကိုက်ညီခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ အညှော်နံ့များ၊ ခြင်၊ ယင်၊ ကြွက်များကြောင့် ကလေးငယ်များနှင့် လူကြီးများ ကျန်းမာရေးထိခိုက်ခြင်း၊ တုပ်ကွေးဖြစ်ခြင်း၊ ကားလမ်းပိတ်ဆို့ခြင်း၊ ကားပါကင်မရခြင်းများအပြင် အမျိုးမျိုးသော အခက်အခဲများ ရင်ဆိုင်နေရသောကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဒုက္ခရင်ဆိုင်နေရသူများ။

နားလည်းဆူ၊ အမြင်လည်းမတင့်သည့် ကေတီဗွီ စိစစ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အောင်ဆုပန်လမ်းထဲတွင် ဖွင့်လှစ်ထားသော ကေတီဗွီဆိုင်သည် နေ့ရော၊ ညပါ ဆူညံလျက် လူနေဝန်းကျင်တွင် အမြင်မတင့်တယ်သည့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသဖြင့် စည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက် ပိတ်သိမ်းပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူ လမ်းသူ/လမ်းသား။

ရေနုတ်မြောင်း သန့်ရှင်းစေချင်

စာတည်းခင်ဗျား-

ပျဉ်းမနားမြို့ (အမှတ်-၁) မြို့မဈေးအိမ်သာမှ ရေနုတ်မြောင်းအတွင်းသို့ မစင်များအား နေ့/ည စွန့်ထုတ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မီးရထားဝင်းအတွင်းနေ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများနှင့် ကလေးသူငယ်များအား ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မီးရထားဝင်းနေထိုင်သူများ။

အရက်ဆီသိုလှောင် မီးဘေးစိုးရိမ်ရ

စာတည်းရှင့်-

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချိုလမ်း ဗိုလ်ချို(၁)ရပ်ကွက်အတွင်း အိမ်တစ်အိမ်တွင် အရက်ဆီများ(လောင်စာဆီ) သိုလှောင်ပြီး ရောင်းချ၊ ဖြန့်ဖြူးလျက်ရှိရာ မီးလောင်မှုဖြစ်ပေါ်နိုင်သည့်အပြင် အရက်အနံ့များပတ်ဝန်းကျင်ပျံ့နှံ့နေမှု ကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူများ။

အညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၆)ရပ်ကွက် (၂၁)လမ်းနောက်ဖေးလမ်းကြား၌ လသာလမ်းကို မျက်နှာမူလျက် စားသောက်ဆိုင်တစ်ဆိုင်ကို အခိုင်အမာ တည်ဆောက်ထားပါသည်။ အညှော်နံ့ကြောင့် သက်ကြီးရွယ်အိုများ ကျန်းမာရေးထိခိုက်စေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး။

အရက်ဆိုင်ဖယ်ရှားရှင်းလင်းစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက် အောင်မင်္ဂလာလမ်းနှင့် မလွှကုန်းလမ်းထောင့်ရှိ အရက်ဆိုင်သည် နံနက် ၅ နာရီမှ ည ၁၀နာရီအထိ နေ့စဉ်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး မူးယစ်သောက်စားသူများ အော်ဟစ်ဆူညံခြင်း၊ မကြာခဏခိုက်ရန်ဖြစ်ပွားခြင်းများကြောင့် ပတ်ဝန်းကျင်၌ နေထိုင်သူများ စိတ်ဆင်းရဲကြရပါသည်။

ဈေးသွား ဈေးလာများ၊ ကျောင်းသွား ကျောင်းလာ ကလေးသူငယ်များနှင့် လူကြီးသူမများအတွက် မသင့်တော်ပါသဖြင့် စိစစ်ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊ လမ်းသားများ။

ချောက်မြို့တွင် ရေဈေးနှုန်းကြီး၍ အခက်တွေ့

စာတည်းခင်ဗျား-

ချောက်မြို့မှ ပြည်သူများ အသုံးပြုသော သောက်သုံးရေခွန်ကြီးမြင့်မှုကို ခံစားနေကြရပါသည်။ အခြားမြို့ကြီးနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းကြီးမြင့်နေပါသဖြင့် ပြင်ဆင်သတ်မှတ်ပေးပါရန် တင်ပြအပ်ပါသည်။

ချောက်မြို့မှပြည်သူများ။

ရေထွက်ပေါက်များ အမှိုက်ပိတ်ဆို့၍ ရေလျှံ

စာတည်းခင်ဗျား-

သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက် သုမနလမ်းထိပ် ရေမြောင်းနှင့် စောရန်ပိုင်လမ်းခွဆုံရှိ ရေမြောင်းများသည် ရေစီးဆင်းမှုမရှိဘဲ ပင်မရေထွက်ပေါက်များ၌ အမှိုက်များ ပိတ်ဆို့နေသဖြင့် ရေများလျှံနေပြီး အဆိုပါ ရေဆိုးများမှ အနံ့ဆိုးများထွက်ခြင်း၊ ခြင်များပေါက်ပွားမှုကြောင့် ရပ်ကွက်အတွင်းရှိ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စောရန်ပိုင်လမ်းသားများ။

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ကြေးမုံသတင်းစာတိုက် နေပြည်တော်/ရန်ကုန်သို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်မိတ္တူနှင့် ဖြစ်စဉ်မှန်ကန်ကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးပြီး ပေးပို့နိုင်ပါသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်း ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၉

ထိုင်းနိုင်ငံ Nakhonratchasima မြို့၌ ဧပြီ ၂၁ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် ၂၀၁၂ ခုနှစ် အာရှအမျိုးသမီး ကလပ်အသင်းများ တံခွန်စိုက် ဘော်လီဘောပြိုင်ပွဲ (2012 Asian Women's Club Volleyball Championship) တွင် ပါဝင်ယှဉ်ပြိုင်ရန် ဦးသိန်းဝင်း (GM. Asia World Co., Ltd.) ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်းသည် ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံသို့ထွက်ခွာသွားသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်းတွင် နည်းပြ ဦးသိန်းဆွေ၊ လက်ထောက်နည်းပြ ဦးချန်ထွန်းအောင်၊ လေ့ကျင့်ရေးမှူး ဦးကျော်စိုးအောင်တို့နှင့်အတူ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘော အားကစားသမားများအဖြစ် နီလာအေး၊ မိုးမိုးစန်း၊ ဖြူဖြူဝေ၊ အေးနန္ဒာကျော်၊ မို့မို့မြင့်၊ သီသီအောင်၊ ခင်သက်ဝေ၊ ရီရီလွင်၊ ချိုချိုဝင်း၊ စုမြတ်မွန်နှင့် စန်းစန်းဌေးတို့လိုက်ပါသွားကြသည်။ **(ဝဲပုံ)**

အဆိုပါ ပြိုင်ပွဲတွင် အသင်း ၁၀ သင်း ပါဝင်ကြပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်းသည် ဧပြီ ၂၁ ရက်တွင် ပွဲဦးထွက်ပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် (ပထမအကျော့) အနိုင်/အရှုံးရလဒ်			
၁၉ - ၄ - ၂၀၁၂			
ချယ်လ်ဆီး	၁ - ၀	ဘာစီလိုနာ	
ဒရော့ဘာ (၄၅ မိနစ်)			

ရီးယဲလ်၏ ချန်ပီယံလိဂ်အိပ်မက် မပျက်ပြယ်သေးဟုဆို

မက်ဒရစ် ဧပြီ ၁၉

ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တစ်ခုအဖြစ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ဧပြီ ၁၇ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည့် အလားအလာရှိသေးကြောင်း ရီးယဲလ်မက်ဒရစ်အသင်း နည်းပြ ဂျိုးစ်မော်ရင်ဟိုက ပြောကြားခဲ့သည်။

ရီဘာရီ၏ ဘိုင်ယန်အတွက် ဦးဆောင်ဂိုးကို ရီးယဲလ်မှ အိုဇေးလ်က ချေပဂိုးသွင်းယူခဲ့သည်။ သို့သော် ဂိုမက်ဇ်၏ နောက်ကျဂိုးဖြင့် ဘိုင်ယန်တို့ ပထမအကျော့တွင် နိုင်ပွဲရရှိခဲ့သော်လည်း ဒုတိယအကျော့ ကျန်ရှိနေသေးကြောင်းနှင့် ရီးယဲလ်နှင့် ဘိုင်ယန်တို့ ၏ သမိုင်းကို ပြန်ကြည့်ပါက ရီးယဲလ်ကသာ အောင်မြင်မှုများ ပိုမိုရရှိခဲ့ကြောင်း ရီးယဲလ်နည်းပြ မော်ရင်ဟိုက ပြောကြားခဲ့သည်။

ဘိုင်ယန်အိမ်ကွင်း၌ ဘိုင်ယန်နှင့် ရီးယဲလ်မက်ဒရစ်တို့၏ တွေ့ဆုံမှုမှတ်တမ်းမှာ ၁၉၇၆ ခုနှစ်မှ စတင်ကာ ၁၀ ကြိမ်တွေ့ဆုံခဲ့ပြီး ကိုးပွဲနိုင်၊ တစ်ပွဲ သရေဖြင့် ဘိုင်ယန်တို့ ရှုံးပွဲမရှိ စံချိန်တင်ခဲ့ခြင်းအတွက် ဘိုင်ယန်နည်းပြက ဝမ်းမြောက်ဝမ်းသာရှိခဲ့သည်ဟု ဆိုသည်။

သို့သော် ရီးယဲလ်နည်းပြမော်ရင်ဟိုကမူ ဒုတိယအကျော့အိမ်ကွင်း၌ အနိုင်ရရှိခဲ့ပါက ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ကို ယုံကြည်ပါကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

အင်တာနက်။

ရီး ယဲလ် မက်ဒရစ်အသင်း နည်းပြ ဂျိုးစ်မော်ရင်ဟို။

ဘောလုံးလောက သတင်းတိုများ

- စီးရီးအေကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် CSKA မော်စကိုအသင်းမှ ဆားဗီးယားကြယ်ပွင့် ဇိုရန်တိုဆစ်အား ပေါင်ခုနစ်သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်နေပြီး တိုဆစ်ကလည်း အက်သလက်တီကို မက်ဒရစ်က ၎င်းအား စိတ်ဝင်စားနေသည်ကို ရိပ်မိကြောင်း ဆိုသည်။
- မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးသည် ယခုနှစ်နွေရာသီတွင် ယူရို ၂၀၁၂ ပြိုင်ပွဲသို့ သွားရောက်မကစားသင့်ကြောင်းနှင့် သွားရောက်ကစားခဲ့ပါမူ အဆုံးသတ်မှားယွင်းမည်ဖြစ်ကြောင်း ပေါလ်စခိုး၏ မန်ယူကစားဖော်ဟောင်း ပေါလ်အင့်စ်က ပြောကြားခဲ့သည်ဟု ဆိုသည်။
- လန်ဒန်အရှေ့ပိုင်းမှ ပေါက်ဖွားလာသော ကွင်းလယ်ကစားသမား ဂျိုကိုးလ်သည် အိုလံပစ်အားကစားပြိုင်ပွဲများကို စိတ်ဝင်စားသော်လည်း မြို့တော်လီဗာပူးသို့ မပြန်လိုကြောင်းနှင့် လက်ရှိအငှားစာချုပ်သက်တမ်းကုန်ဆုံးသည်အထိ လိုင်လီအသင်း၌သာ ဆက်လက်နေလိုကြောင်း ပြောကြားခဲ့သည်။
- စီးရီးအေကလပ် ကိုရင်သီယန်အသင်းသည် ဥရုဂွေးကြယ်ပွင့် အင်တာမီလန်တိုက်စစ်မှူး ဒေဂိုဖော်လန်အား စိတ်ဝင်စားလျက်ရှိကြောင်းနှင့် ၎င်းအား တောင်အမေရိကသို့ ပြန်လည်ရောက်ရှိရေး ကြိုးစားသွားမည် ဖြစ်ကြောင်း ကိုရင်သီယန်အသင်းက ပြောကြားခဲ့သည်။
- မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်သည် စပါးကစားသမား လူကာမော့ဒရစ်အား စိတ်ဝင်စားလျက်ရှိပြီး ချယ်လ်ဆီးအသင်းနှင့် မန်စီးတီးအသင်းတို့ကလည်း မန်ယူနှင့်အပြိုင် လူကာမော့ဒရစ်အား ခေါ်ယူနိုင်ရေး ကြိုးပမ်းမည်ဟု ဆိုသည်။

နိုင်လင်းကြည်

လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်လွှတ်တော်ရုံးသို့ သတင်းပို့ကြရန် အကြောင်းကြားထားပြီးဖြစ်

နေပြည်တော် မေ ၁၉

လွှတ်တော်အသီးသီး၏ တတိယပုံမှန်အစည်းအဝေးများကို နေပြည်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမများ၌ ၂၀၁၂ ခုနှစ် မေ ၂၃ ရက် (တနင်္လာနေ့)တွင် ဆက်လက်ကျင်းပမည်ဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) လွှတ်တော်ရုံးသို့ မေ ၂၂ ရက်ထက် နောက်မကျစေဘဲ ဆက်သွယ်သတင်းပို့ကြရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည် ပ အား က စား သ တင်း

အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ လုပ်ခလစာမြင့်သည့်အသင်းဆီသို့ ပြောင်းမည်လား

လန်ဒန် မေ ၁၉

အာဆင်နယ်အသင်းခေါင်းဆောင် ဗန်ပါစီအား လုပ်ခလစာတိုးမြှင့်ပေးနိုင်မည့်အသင်းသို့ ပြောင်းရွှေ့ရန် FC Twente မန်နေဂျာ ပက်ထရစ်ကလူဗက်က ပြောကြားခဲ့ကြောင်း talk sport သတင်းဌာနက သတင်းဖော်ပြခဲ့သည်။

ဒတ်ချ်တိုက်စစ်မှူး ဗန်ပါစီသည် ၂၀၁၁-၂၀၁၂ ခုနှစ် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့ချုပ် (ပီအက်ဖ်အေ)က ချီးမြှင့်သော ပီအက်ဖ်အေ၏ အကောင်းဆုံးဘောလုံးသမားဆုကို ယခုသီတင်းပတ်အကုန်တွင် ရရှိတော့မည်ဖြစ်ရာ ယခုနှစ်ဘောလုံးရာသီသည် ရော်ဘင်ဗန်ပါစီ၏ ထူးခြားသောနှစ်လည်းဖြစ်ခဲ့သည်။

သို့သော် ရော်ဘင်ဗန်ပါစီအနေဖြင့် လက်ရှိကလပ်အာဆင်နယ်ထက် လုပ်ခလစာမြင့်သည့်အသင်းသို့ ပြောင်းရွှေ့သင့်ကြောင်း ဒတ်ချ်နိုင်ငံသား FC Twente မန်နေဂျာ ပက်ထရစ်ကလူဗက်က ပြောကြားခဲ့သည်။

ရော်ဘင်ဗန်ပါစီသည် အာဆင်နယ်အသင်း၏ တိုက်စစ်ကို ဦးဆောင်သူနှင့် အသင်းခေါင်းဆောင်တစ်ဦးဖြစ်ပြီး လုပ်ခလစာမြင့်သည့် အခြားအသင်းသို့ ပြောင်းရွှေ့ကစားခြင်းသာ အရေးအကြီးဆုံးအချက်ဖြစ်ကြောင်း ပက်ထရစ်ကလူဗက်က ပြောကြားခဲ့သည်။

ဗန်ပါစီအနေဖြင့်လည်း လုပ်ခလစာတိုး၍ လိုချင်မည်ဖြစ်ကြောင်းနှင့် အခြားအသင်းသို့ ပြောင်းရွှေ့ကစားပါက အောင်မြင်မှုပိုမိုရရှိနိုင်မည်ဟု မိမိထင်ကြောင်း ပက်ထရစ်ကလူဗက်က ပြောကြားခဲ့သည်။***အင်တာနက်။***



အာဆင်နယ် အသင်း ခေါင်းဆောင် ရော်ဘင် ဗန်ပါစီ



သီရိလင်္ကာတွင် ကြက်မတစ်ကောင်က ဉမဉဘဲ ကြက်ကလေးတစ်ကောင်မွေးဖွား

ကိုလံဘို မေ ၁၉

သီရိလင်္ကာနိုင်ငံတွင် ကြက်မတစ်ကောင်က ဉမဉဘဲ ကြက်ကလေးတစ်ကောင်ကို တိုက်ရိုက်မွေးဖွားခဲ့ရာ "ကြက်ဥနဲ့ ကြက်မ၊ ဘယ်သူ ပထမ၊ ဘယ်ကစ. . . ?" ဟူသော ဆိုရိုးစကားလေးမှာ ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့ရသည်။

သဘာဝအားဖြင့် ကြက်မက ဥကို ဥကာ ပြင်ပသို့ရောက်လာသောဥကို သားပေါက်ရန် ဝပ်ရမည်ဖြစ်သော်လည်း ယခုဖြစ်ရပ်တွင်မူ ကြက်ဥသည် ကြက်မ၏ဝမ်းဗိုက်အတွင်း ၂၁ ရက်ကြာ ကိန်းအောင်းနေခဲ့ပြီးနောက် ကိုယ်တွင်းမှာပင် ပေါက်ဖွားခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

ကြက်ငယ်ကလေးမှာ ကိုယ်အင်္ဂါပြည့်စုံစွာဖြင့် ကျန်းမာပကတိရှိနေသော်လည်း မိခင်ကြက်မကြီးမှာမူ သေဆုံးသွားခဲ့သည်။

ယင်းကဲ့သို့သော ဖြစ်ရပ်မျိုး မိမိတစ်ခါမှ မမြင်တွေ့ခဲ့ဖူးပါကြောင်း ဒေသဆိုင်ရာအစိုးရ တိရစ္ဆာန်ဆေးကုသရေးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ ဖြစ်ရပ်ဖြစ်ပွားရာ ဝယ်လီမာဒါဒေသမှ တိရစ္ဆာန်ဆေးကုဌာနအကြီးအကဲ ပီအာရ်ယာပါက ကြက်မအသေကို စစ်ဆေးကြည့်ရှုခဲ့ရာ အဆိုပါကြက်ဥသည် ကြက်မ၏ မျိုးပွားမှုစနစ်အတွင်း ကြီးထွားဖွံ့ဖြိုးခဲ့ကြောင်း၊ သို့ရာတွင် ၎င်းကြက်ဥမှာ ကြက်ငယ်ပေါက်ဖွားချိန်အထိ ကြက်မ၏ ခန္ဓာကိုယ်ထဲမှာပင် ရှိနေခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

ခွဲစိတ်စစ်ဆေးတွေ့ရှိချက်အရ ခန္ဓာကိုယ်အတွင်းပိုင်းဒဏ်ရာများရရှိမှုကြောင့် ကြက်မသေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။

အဆိုပါဖြစ်ရပ်သည် သီရိလင်္ကာနိုင်ငံထုတ်သတင်းစာများ၌ ထိပ်တန်းခေါင်းသတင်းတစ်ပုဒ်ဖြစ်ခဲ့ကြောင်း၊ သီရိလင်္ကာကြေးမုံနေ့စဉ်သတင်းစာ (the Sri Lankan Daily Mirror) ကမူ "ကြက်ကလေးကသာ ပထမ. . ." ဟု ရေးသားဖော်ပြခဲ့ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်က ဖော်ပြသည်။

ဘာသာပြန် - ဇင်ထူး

ယ နေ့ သ တ င် း အ ညွှ န် း

၂၀၅၀ ပြည့်နှစ်၌ ချမ်းသာသောနိုင်ငံ အဆင့်မှ ဂျပန်ကျဆင်းလာနိုင်

နိုင်ငံတကာသတင်း စာမျက်နှာ >> ၄

မြန်မာလူငယ်ဘောလုံးအသင်း K-League ကလပ်များနှင့် တောင်ကိုရီးယားတွင် မေ ၂၁ ရက်မှ စတင်ခြေစမ်းမည်

အားကစားသတင်း စာမျက်နှာ >> ၁၀

၂၀၁၂ အာရှအမျိုးသမီးကလပ်အသင်းများ တံခွန်စိုက်ဘော်လီဘောပြိုင်ပွဲ မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘော်လီဘောအသင်း ပါဝင်ယှဉ်ပြိုင်မည်

အားကစားသတင်း စာမျက်နှာ >> ၁၀

"ရထားမစီးဖူးသေးသည့် သားငယ်နှင့် မြို့ပြတ်ရထားစီးဖြစ်သည်။ လမ်းဘေးဝဲ/ယာတွင် မြင်မကောင်း ရှုမကောင်း အမှိုက်မျိုးစုံကို တွေ့ရသည်။ နိုင်ငံခြားသားများ၏ ဗီဒီယိုကင်မရာမှတ်တမ်းတင်မှုအောက်တွင် အမှိုက်တွေ မြူးထူးခုန်ပေါက်နေသလား. . ."

ယနေ့ဖတ်စရာ မှတ်စရာ စာမျက်နှာ >> ၇

"သွားပိုးစား" ဟု လူသိများသော်လည်း အမှန်မှာ "သွားဆွေးမြည့်" ပျက်စီးခြင်းသာဖြစ်။ အချို့လူများထင်သကဲ့သို့ သွားပိုးကောင်ငယ်များက သွားကိုကိုက်စားခြင်း မဟုတ်ပါ. . .

သွားပိုးစားရောဂါအကြောင်း ဆောင်းပါး စာမျက်နှာ >> ၆

နိုင် ငံ တ ကာ အ နု ပ ညာ ရပ် ဝန်း အေဝမ်းစိုး

X Factor သီချင်းဆိုပြိုင်ပွဲတွင် ဒိုင်လူကြီးလုပ်ရန် ဆိုင်မွန်းကိုဝဲလ်နှင့် ဘရစ်တနီစပီးယားတို့ ဆွေးနွေးနေ

အမေရိကန်နိုင်ငံတွင် လူသိများရေပန်းစားလျက်ရှိသည့် X Factor သီချင်းဆိုပြိုင်ပွဲအစီအစဉ်တွင် အကဲဖြတ်ဒိုင်လူကြီးတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ပေးရန် မိမိသည် အဆိုတော် ဘရစ်တနီစပီးယားနှင့် ဆွေးနွေးလျက်ရှိကြောင်း ယင်းပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဆိုင်မွန်းကိုဝဲလ်က မေ ၁၈ ရက်တွင် အတည်ပြုပြောကြားသည်။

ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူ ဆိုင်မွန်းကိုဝဲလ်အနေဖြင့် ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်လျက်ရှိသော ပူစီကတ် ဒိုးလ် နီကိုးလ်ရှာဇင်ဂါနှင့် အဆိုတော်ပေါ်လာအဗ္ဗဒူလ်တို့ **စာမျက်နှာ ၈ ကော်လံ ၄ သို့ ❖**

လွန်ခဲ့သည့် ရာစုနှစ်အတွင်း ပင်လယ်ရေမျက်နှာပြင် သိသိသာသာမြင့်တက်ခဲ့

အင် တာ နက် သ ဘာ ဝ ပတ် ဝန်း ကျင် သ တင်း ➢ ဘာသာပြန် - သက်ထွေး

လွန်ခဲ့သည့် ၁၉ ရာစုနှောင်းပိုင်းမှစ၍ အနောက်တောင်ပစိဖိတ်ဒေသရှိ ပင်လယ်ရေမျက်နှာပြင် သိသိသာသာ မြင့်တက်လာခဲ့ကြောင်း ဩစတြေးလျနှင့် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာချက်တစ်ရပ်က ဆိုသည်။

ဗြိတိန်တက္ကသိုလ်များမှ သိပ္ပံပညာရှင်များနှင့်တကွ ကွင်းစလန်းတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ ပြောကြားချက်အရ တက်စ်မေးနီးယား၌ ပင်လယ်ရေမျက်နှာပြင်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ ဝန်းကျင်နှစ်များက တည်ငြိမ်နေခဲ့သော်လည်း ၁၈၈၀ ခုနှစ်ဝန်းကျင်က သိသိသာသာ စတင်မြင့်တက်လာခဲ့သည်။ လွန်ခဲ့သည့် ရာစုနှစ်အတွင်း ပင်လယ်ရေမျက်နှာပြင် အမြင့် ရှစ်လက်မနီးပါး မြင့်တက်ခဲ့သည်။

၁၉၀၀ ပြည့်နှစ်နှင့် ၁၉၅၀ ပြည့်နှစ်များအကြား တွင် ပျမ်းမျှတစ်နှစ်လျှင် သုည ဒသမ ၁၆ လက်မနှုန်းဖြင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခဲ့ကြောင်း ကွင်းစလန်း **စာမျက်နှာ ၈ ကော်လံ ၃ သို့ ✻**